
mgyoe.com

# မဝင်းမြင့်

ဂမုန်းအောင်



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

မဝင်းမြင့်

ဝဖုန်းအောင်



ISBN9789997116086
MWM2
9 789997 116086
2,300.00KS

mgyoe.com

ကမုန်းအင်၊ မဝင်းမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၂၁ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၆ စယ်အောင်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂမုန်းအင်

မဝင်းမြင့်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

'ဂမုန်းအင်' အမည်ရှိသော သစ်ခွပန်း တစ်မျိုးကား နေရာတိုင်းမှာ မရှိ အလွယ်တကူ ရှာဖွေ၍လည်းတွေ့နိုင်ခဲ၊ ရနိုင်ခဲသော သစ်ခွမျိုးဖြစ်သည်။

ကြောင်မြီးတူ၊ ကြက်တူရွေး၊ လက်တံရှည်၊ လက်တံတို စသောသစ်ခွမျိုးကား အဆင်းသွင်ပြင် လှပပါ၏။ နေရာတိုင်းလိုလိုမှာပင်အလွယ်တကူ တွေ့နိုင်ရနိုင်၏။ သို့သော် အဆင်းသာရှိ၍ အနံ့မရှိချေ။ သူ့အပင်မှာ မခူးဆွတ်ဘဲထားလျှင် မနွမ်းမရိ၊ တစ်ပတ်ကျော်ကျော်မျှလန်းဆန်းနေသည်။ ခူးလိုက်လျှင် နှစ်ရက် သုံးရက်မျှနှင့် နွမ်းရိသွားတော့၏။

အမျိုးသမီးတိုင်း မက်မောမြတ်နိုးသော 'သဇင်' အမည်ရှိ သစ်ခွမျိုးကား အဆင်းရော အချင်းပါ ပြည့်စုံသည်။ လှလည်းလှ၊ ယဉ်လည်းယဉ်၊ မွှေးလည်း မွှေးသည်။ သို့သော် သဇင်ပန်းသည်လည်း ကြာရှည်မလန်းဆန်းနိုင်။ ရက်တိုတိုနှင့် နွမ်းရိသွားသည်သာ ဖြစ်၏။ သဇင်ကိုနေရာတိုင်းမှာ မတွေ့နိုင်သော်လည်း အချိန်အခါကျလျှင် ပေါပေါများများ လုံလောက်အောင် ပေါ်ပေါက်လာတတ်၏။

'ဂမုန်းအင်' သစ်ခွမျိုးကား ကြောင်မြီးတူ၊ ကြက်တူရွေး၊ လက်တံရှည်၊ လက်တံတို၊ သဇင်ပန်းမျိုးများနှင့် လုံးဝ မတူချေ။ စာဖွဲ့

mgyoe.com

mgyoe.com


လောက်အောင် အဆင်းသွင်ပြင်မှာ မလှပပါ။ ကြည့်ပျော်ရှုပျော် ယဉ်ရုံမျှသာ အပွင့်ဖြူဖြူ သေးသေးကလေးများ ငါးပွင့်မှ ဆယ်ပွင့်အထိ တစ်ခိုင်တည်းမှာ ပွင့်နေတတ်သော သစ်ခွပန်းမျိုးသာ ဖြစ်သည်။ သို့သော် သင်းပျံ့သော ရနံ့သည် အပွင့်ခြောက်သွားသည့်တိုင်အောင် မပျောက်ဘဲ မွှေး ကြိုင်လျက်သာ ရှိသည်။ ခိုင်ညှာအရိုးတံမှာ အခြား သစ်ခွပန်းများထက် တုတ်ခိုင်လှသဖြင့်လည်း မရူးဆွတ်ဘဲ အပင်မှာ ထားလျှင် သုံးလကျော်မျှ လန်းဆန်းနေသည်။ ခူးဆွတ်ပြီး ရေမပြတ် ဆွတ်ပေးလျှင် တစ်လ လောက်မျှ လန်းဆန်းနေသည်။ ရေမဆွတ်ဘဲ ပစ်ထားလျှင် ဆယ့်ငါးရက်မျှ မနွမ်းဘဲ လန်းနေတတ်သည်။ အခြား ပန်းများထက် အပူဒဏ်၊ အအေးဒဏ်ကို ခံနိုင်ရည်ရှိသော သင်းပျံ့သော ရနံ့နှင့် ပြည့်စုံသော 'ဂမုန်းအင်' သစ်ခွပန်းမျိုးနှင့် တူသော မခင်စော။

* * *

ဆန်စက်ပိုင်ရှင် ဦးစောမောင်သည် အသက်သုံးဆယ်အရွယ်တွင် မုဆိုးဖိုဖြစ်ခဲ့ပြီး မကြာမီ သူ့ထက် အသက်ဆယ်နှစ်တိတိ ငယ်သော ဒေါ်ခင်ဆင့်နှင့် လက်ထပ်ခဲ့ရာမှ တစ်ဦးတည်းသော သမီး မခင်စောကို ဖွားမြင်ခဲ့သည်။

မခင်စော အသက် ဆယ့်ခုနစ်နှစ်အရွယ် ကိုးတန်းတွင် ပညာသင်ကြားနေသောအချိန်၌ ဦးစောမောင် အသက်မှာ လေးဆယ့်ခုနစ်နှစ်၊ ဒေါ်ခင်ဆင့် အသက်မှာ သုံးဆယ့်ငါးနှစ်ရှိပြီ ဖြစ်၏။ ဦးစောမောင်သည် သူ့ထက်လည်း အသက်ငယ်၊ ရုပ်ရည်ကလည်း နုပျိုချောမောသော ဒေါ်ခင်ဆင့်အား ငုံထားလုမျှ ချစ်မြတ်နိုးလှ၏။ မြတ်နိုးလှသဖြင့်လည်း ဒေါ်ခင်ဆင့်၏ အငြိုအငြင်ကို မခံနိုင်အောင် စိတ်သဘော ပျော့ညံ့လာသည်။

mgyoe.com

mgyoe.com



ရွှေတစ်ကျပ်သားလျှင် နှစ်ဆယ့်လေးကျပ်မျှသာတန်သော၊ ငွေတစ်ကျပ်ရှိလျှင် အင်္ကျီလုံချည် တစ်စုံစာမျှ ဝယ်နိုင်သော ငွေတန်ဖိုးရှိလှသည့် စစ်မဖြစ်မီခေတ်ကဆိုလျှင် ဆန်စက်ပိုင် တစ်လုံးနှင့် အတွင်းပစ္စည်း သုံးသောင်းခင်းမျှ ချမ်းသာသော ဦးစောမောင်၊ ဒေါ်ခင်ဆင့်တို့မှာ သူဌေး ဟူသော ဘွဲ့ကိုခံယူကာ မြို့မျက်နှာဖုံး လူကုံထံစာရင်းက ပါဝင်ခဲ့လေသည်။

ဦးစောမောင်က ဒေါ်ခင်ဆင့်သြဇာကို ခံသည်။ ဒေါ်ခင်ဆင့်က သဘောလွယ်သည်။ အပြောကောင်းသူကို ယုံကြည်တတ်သည်။ အမြှောက်ကြိုက်သည်။ မခင်စောကား အသက်အရွယ်နုနယ်သော ကျောင်းသူကလေး တစ်ယောက်ပင် ဖြစ်လင့်ကစား ရိုးရိုးကုပ်ကုပ်နှင့် ပညာကို ကြိုးစားကာ စာဖတ်ဝါသနာပါသည့်အလျောက် အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ် တွေ့သမျှ ရသမျှကို ဖတ်သည်။ အတွေးအခေါ်ရင့်ကျက်၍ စိတ်ထားတည်ငြိမ်ခိုင်မြဲသူကလေး ဖြစ်သည်။ မိဘနှစ်ပါး၏ စိတ်နှင့် သမီး မခင်စော၏ စိတ်သဘောမှာ အရှေ့နှင့်အနောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေတော့သည်။

ဒေါ်ခင်ဆင့်က အိမ်တွင်းမှုအလုပ် ချက်ရေးပြုတ်ရေးမှာလည်း ကောင်း၊ အချုပ်အလုပ်မှာ လည်းကောင်း လုံးဝ ဝါသနာလည်း မပါ၊ လုပ်လည်း မလုပ်။ ညာစား၊ မြှောက်စား၊ ချော့စားသူများနှင့်သာ သံသရာ လည်နေသည်။

ဦးစောမောင်က ချစ်ဇနီးအား တစ်ခွန်းမှ ကန့်ကွက်ပြောဆို ထိန်းသိမ်းခြင်း မပြုချေ။

မခင်စောသည် မိဘများ၏ အမူအကျင့် စိတ်နေသဘောထားကို မနှစ်သက်သော်ငြားလည်း မိဘထက် သမီးက တစ်လကြီး၍ နာခံကြမည် မဟုတ်သောကြောင့် စိတ်အပင်ပန်းခံ ပြောမနေတော့ချေ။

mgyoe.com

mgyoe.com



စာမေးပွဲပြီးသည့် ကျောင်းပိတ်ရက်များမှာ မီးဖိုဆောင်သို့ ကိုယ်တိုင်ဝင်ကာ ထမင်းချက် ကိုပါကြီးနှင့်အတူ တိုင်ပင်ချက်ပြုတ်သည်။

အချုပ်အလုပ် တတ်ကျွမ်းနားလည်သော ဆွေမျိုးသားချင်းရှိရာ သူငယ်ချင်းများအိမ်သို့သွားကာ အချုပ်အလုပ် သင်သည်။ မီးဖိုချောင် အချက်အပြုတ် အလုပ်နှင့် မိန်းမဝတ် အပေါ်အင်္ကျီ၊ ဘော်လီအင်္ကျီများကို နိုင်နင်းစွာ ချုပ်တတ်လာ၏။ ဖခင်အား အပ်ချုပ်စက် တစ်လုံး ဝယ်ပေးရန် ပူဆာ၍ စက်ရလျှင် သူငယ်ချင်းအိမ်သို့ အလည်အပတ် မထွက်တော့ချေ။

ကျောင်းပိတ်ရက်များ၌ အခြား ကျောင်းသူများ အပန်းဖြေ အလည်အပတ် ခရီးထွက်နေကြချိန်ဝယ် မခင်စော တစ်ယောက် စာအုပ်မျိုးစုံ ဖတ်နေသည်။ စာဖတ်၍ မျက်စိညောင်းလာလျှင် ခြံထဲဆင်းပြီး သစ်ပင်ပန်းပင်များ စိုက်သည်။ ခြံထဲဆင်းစရာ အလုပ်မရှိလျှင် စက်တစ်လုံးနှင့် စိတ်ကူးရရာ ချုပ်လုပ်နေတတ်သည်။ ခါးညောင်းလာလျှင် အခန်းတံခါး ပိတ်ပြီး ကျန်းမာရေး လေ့ကျင့်သည်။

မခင်စော၏ ကိုယ်ကာယမှာ ဖွံ့ထွားသန်စွမ်းလှ၍ ယောကျ်ား တစ်ယောက်ကဲ့သို့ ခွန်အားဗလ ရှိလေသည်။

ညနေကျောင်းလွှတ်ပြီဖြစ်၍ မခင်စောသည် အိမ်မှ လာကြိုသော မော်တော်ကားဖြင့် ပြန်လာခဲ့၏။ ကားပေါ်မှဆင်းကာ အိမ်ထဲသို့ ဝင်မိလျှင် မိခင် ဒေါ်ခင်ဆင့်နှင့် အတူထိုင်ကာ စကားလက်ဆုံကျနေသော သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် အသက် ၂၀ ကျော်မျှရှိသော ဖြူဖြူနွဲ့နွဲ့ လုလင်ပျို တစ်ယောက်ကို တွေ့လိုက်ရ၏။

ပွင့်လင်းကြည်လင်၍ ကျက်သရေရှိရှိ တည်ငြိမ်သော မျက်နှာထား၊ ဝါဝင်းသောအသား၊ ဖွံ့ထွားသန်စွမ်းသော ကိုယ်လုံးကိုယ်ထည် ပိုင်ရှင် မခင်စောအား လုလင်ပျိုက စူးရှစွာ စိန်းစိန်းကြည့်လိုက်၏။

mgyoe.com

mgyoe.com


"မဆင့်ရဲ့ တစ်ဦးတည်းသော သမီး မခင်စောလေ တင်တင်နွယ်ရဲ့"

ဒေါ်ခင်ဆင့်က ပြောလိုက်၏။

"အော်... မမဆင့် သမီးကိုး၊ ကျောင်းဆင်းလာပြီလား ညီမလေး"

လုလင်ပျိုက အင်္ကျီရင်ဖုံးတွင် ဖောင်တိန်ကို ညှပ်ကာ ကျောင်းစာအုပ်များ ထည့်ထားသည့် ပိုးလွယ်အိတ်ကို လွယ်ထားသော မခင်စောအား ကျောင်းသူ တစ်ယောက်ဟု ချက်ချင်း သိလိုက်သည့်အလျောက် အသံကြောင်ကလေးဖြင့် ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။ မခင်စောကား စကားပြန်မပေးမိဘဲ အံ့သြသောစိတ်နှင့် လုလင်ပျိုကို စေ့စေ့ကြည့်လိုက်သည်။

အင်္ဂလိပ် ဆံတောက်လည်း မဟုတ်၊ ဆံပင်ရှည်လည်း မဟုတ်၊ စကောစက လက်သုံးသစ်မျှသော ဆံပင်ကို သပ်ရပ်စွာ နောက်သို့ လှန်ဖြီးထားပြီး မိန်းမချော ချောသော မျက်နှာမှာ ပေါင်ဒါကို မဖွေးတဖွေး မှုန်းခြယ်ထားသည်။ နွဲ့နှောင်းသွယ်လျ ဖြူစင်သော ကိုယ်ခန္ဓာပေါ်တွင် ဖက်ဖူးရောင် အနုပိုးပျော့ရှပ်လက်ရှည်နှင့် အစိမ်းရင့်ရောင်ဘန်ကောက် လုံချည်ကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ပြီး ကနွဲ့ကလျ ထိုင်နေသော လုလင်ပျို၏ ဟန်မူရာ၊ ဝတ်စားဆင်ပြင်မှု၊ စကားပြောပုံလေသံမှာ မခင်စော၏ မျက်စိထဲဝယ် အဆင်မပြေနိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့်လည်း လုလင်ပျိုက နှုတ်ဆက်သည်ကို မခင်စောက ပြန်မပြောမိချေ။

"တင်တင်နွယ်က နှုတ်ဆက်နေတာ ပြန်ပြောပါဦး သမီးရဲ့။ သမီးကတော့ ဒီလိုပဲ တင်တင်နွယ် စကားနည်းတယ်"

ကြောင်တောင် ကြည့်နေသော မခင်စောကြောင့် ဒေါ်ခင်ဆင့်က အားနာဟန်ဖြင့် ဝင်ပြီး လေပြေသွေးလိုက်၏။

mgyoe.com

mgyoe.com


"ဟင်းဟင်း... ဟင်းဟင်း။ ကိစ္စမရှိပါဘူး မမဆင့်။ ညီမလေးက စိမ်းနေသေးလို့ပါ။ တော်ကြာ နွယ့်ကို သူ ခင်လာမှာပဲ"

တင်တင်နွယ် အမည်ခံသူ လုလင်ပျိုက မပွင့်တပွင့်ကလေး ရယ်ကာ၊ ခေါင်းကို ငဲ့ကာဖြင့် ပြောလိုက်မှ အော်... မိန်းမလျာ တစ်ယောက်ကိုးဟု မခင်စော သဘောပေါက်လာတော့၏။ ကပ်ပါးရပ်ပါး ချော့မြှောက်စားသူဆိုလျှင် အချိန်မရွေး၊ နေရာမရွေး၊ လူမရွေး လက်ခံ စကားပြောလေ့ရှိသော မိခင်အား ကျွဲမြီးတိုသောစိတ်၊ တင်တင်နွယ်၏ ဟန်ပန်မူရာကို အကြည့်ရကတ်သော စိတ်တို့ဖြင့် မခင်စောသည် မိခင်၏ ဩဇာမပျက်ရုံ 'ဟုတ်ကဲ့' ဟု တစ်ခွန်းတည်း သံပြတ်ဖြင့် ပြောကာ သူ့အခန်းသို့ လျှင်မြန်စွာ ဝင်လာခဲ့လေသည်။ ကျောင်းလွယ်အိတ်ကို စားပွဲပေါ် တင်လိုက်ပြီး ဒီမိန်းမလျာနဲ့ မေမေနဲ့ ဘယ်လိုများ ဆက်မိတာပါလိမ့်ဟု တွေးမိ၏။ တွေးရာမှ မိန်းမလျာက ဘယ်လို မြှောက်ပင့်ပြီး ဒေါ်ခင်ဆင့်က ဘာတွေ လက်ဆောင်ပြန်လိုက်မည်ကို မခင်စော သိလိုသောစိတ် ပေါ်လာသည်။ ထိုကြောင့် အကျီလုံချည်ပင် မလဲနိုင်ဘဲ ဒေါ်ခင်ဆင့်နှင့် တင်တင်နွယ်တို့ စကားပြောနေသည်ကို ကောင်းစွာ ကြားရမည့်နေရာမှ ချောင်းမြောင်း နားထောင်နေလိုက်သည်။ မည်သည့်အကြောင်းက မည် ကဲ့သို့ အစပျိုးခဲ့သည်ကိုကား မခင်စော မသိ။ သူ ချောင်းနားထောင်ချိန်ဝယ် ကြားရသော စကားများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

"လူရယ်လို့ ဖြစ်လာကတည်းက ဝါးရင်းတုတ်ရွာမှာ တစ်သက်လုံး နေလာခဲ့တာ မင်းကလေး ကိုယ်တော်တိုင် မိန့်မြွက်ညွှန်ကြားလိုက်လို့ အခုလို မမဆင့်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရတာပါပဲ မမဆင့်ရယ်"

"အံ့ဩစရာ တော်တော်ကောင်းတယ်နော် နွယ်ရဲ့။ မမဆင့်တို့ မင်းကလေးတို့ ညီနောင်နှစ်ပါးအကြောင်း ဟိုတုန်းကတော့ ကြားဖူးပါ

mgyoe.com

mgyoe.com


ရဲ့။ အမှတ်မဲ့နေခဲ့တာပဲ။ အခု နွယ် ပြောပြတော့ မမဆင့် ယုံတဲ့အပြင် ကြည်ညိုစိတ်၊ ချစ်စိတ်တွေ ပွားလာတယ်။ ကဲ... ဘယ်တော့လောက် စီစဉ်မလဲ နွယ်"

"မြန်လေ ကောင်းလေပေါ့ မမဆင့်။ နက်ဖြန်ကစပြီး နွယ် လို အပ်သမျှ အားလုံး စီစဉ်မယ်လေ။ ဒါပေမဲ့ နွယ် စိုးရိမ်တာ တစ်ခုက..."

တင်တင်နွယ်က စိုးရွံ့သံကလေးဖြင့် စကားကို တစ်ပိုင်းတစ်စ ရပ်လိုက်သည်။

"ပြောစရာရှိတာ ရဲရဲသာပြော နွယ်။ အခုဆိုရင် မမဆင့်နဲ့ နွယ် က မင်းကလေး အလိုတော်ကျ ညီအစ်မ ဖြစ်သွားပြီပဲ။ ဘာမှ အားနာ စရာမရှိဘူး မဟုတ်လား နွယ်"

ဒေါ်ခင်ဆင့်က စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ အားပေးသံ ဖြစ်၏။

"ဟင်း... ဟင်း... ဟင်း... ဟင်း ပြောရမှာ နွယ်ရှက်တယ် မမ ဆင့်"

"သြော်... ခက်လိုက်တဲ့ ကလေးမနယ်၊ ပြောပါ နွယ်ရဲ့..."

ဒေါ်ခင်ဆင့် အသံက ညီမဆိုးကလေးကို ချော့သံ ဖြစ်၏။

"ဒါဖြင့် ပြောမယ်နော် မမဆင့်"

"ပြောပါ နွယ်"

"ဒီအိမ်ပေါ်မှာ ညီအစ်မ နှစ်ယောက် အတူတူနေကြမှာကို မမ ဆင့်ရဲ့ အစ်ကိုကြီးက ကြည်ဖြူပါ့မလား၊ ဒါမှမဟုတ် ခဲအိုကြီးက မိုးမမှန်တဲ့ အကြံတွေ ပေါ်လာရင် အို... နွယ်တော့ မင်းကလေး ကိုယ် တော်ကိုပဲ အားကိုးရမှာပဲလေ"

တင်တင်နွယ်၏ ပြောဟန်ဆိုဟန်မှာ တကယ့် မိန်းကလေး အစစ်လို စိုးရိမ်ပူပန်၊ ထိတ်လန့်သံကလေး ဖြစ်နေရာ တိတ်တဆိတ်

mgyoe.com

mgyoe.com


နားထောင်နေသော မခင်စောမှာ တင်တင်နွယ်ကို ကိုင်ပေါက်ချင်သလို၊ ရိုက်ချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်လာသည်။

ထိုအခိုက်–

"အဆင့်ရေ၊ အဆင့်"

ဟု အိမ်ရှေ့ဘက်မှ ကြုံနေကျ ချစ်ဇနီး ထွက်မကြိုသဖြင့် သံကုန်ဟစ်လိုက်သော ဖခင် ဦးစောမောင်၏ အသံကို ကြားရသဖြင့် တိတ်တဆိတ် နားထောင်နေသည်ကို လူမြင်လျှင် မသင့်လျော်ကြောင်း စဉ်းစားမိသော မခင်စောက သူ့အခန်းရှိရာသို့ လျင်မြန်စွာ ပြန်ခဲ့ရလေသည်။

* * *

"မေမေ့ မိန်းမလျာကြီးက အိမ်က ကားပေါ် အခန့်သား စီးပြီး ဘယ်ကို ကြွသွားတာလဲ မေမေ"

မခင်စော ဧည့်ခန်းထဲသို့ ပြန်ထွက်လာသော အချိန်မှာ တင်တင်နွယ် မရှိချေ။ ဦးစောမောင်အား ဒေါ်ခင်ဆင့်က ခြေခါခါ လက်ခါခါ မျက်စချီကာ မျက်နှာငဲ့ကာဖြင့် ရေပက်မဝင် ပြောနေရာမှ နှုတ်က မေးခွန်းထုတ်ရင်း အနားမှာ ရုတ်ခနဲ လာထိုင်လိုက်သော သမီး မခင်စောကြောင့် စကားပြတ်သွားလေသည်။ ဒေါ်ခင်ဆင့်က သမီးအား လှည့်ကြည့်လိုက်ပြီး–

"ဩော်... နွယ်လား၊ လိုအပ်သမျှတွေ စီစဉ်ရအောင် သွားရတာ သမီးရဲ့" ဟု ဖြေလိုက်၏။

"ဘာတွေ စီစဉ်ကြမှာလဲ မေမေ"

မခင်စောက မိဘနှစ်ပါးအား တစ်လှည့်စီ ကြည့်ပြီး မေးလိုက်၏။

mgyoe.com

mgyoe.com


“အေး... သမီးကို မေမေ မပြောရသေးဘူး။ အစ်ကိုကြီးကတော့ အခုပြောပြလို့ သိတန်သလောက် သိပြီ။ ဒီလို သမီးရဲ့ တောင်ပြုံး မင်းညီနောင် အရှင်နှစ်ပါးကို သမီး သိတယ် မဟုတ်လား”

“မသိပါဘူး၊ မေမေ။ သူတို့ကို သမီး တစ်ခါမှလည်း မမြင်ဖူး ဘူး။ စကားလည်း မပြောဖူးဘူး။ ဘယ်မှာရှိမှန်းလည်း မသိဘူး”

မခင်စောက တိတ်တဆိတ် နားထောင်နေစဉ်ကပင် အရိပ်ပြ အကောင်ထင်ပြီး ဖြစ်နေသဖြင့် မိခင်၏ မေးခွန်းကို ဘုကျကျ ပြော လိုက်ရာ ဒေါ်ခင်ဆင့် ဒေါပွသွားလေသည်။ ပက်လက်ကုလားထိုင်ပေါ်မှ ဦးစောမောင်က ပြုံးလိုက်၏။ ဒေါ်ခင်ဆင့်က ဦးစောမောင်အား မျက်စောင်းတစ်ချက် လှည့်ထိုးလိုက်ပြီး မခင်စောအား မာန်လိုက်၏။

“မေမေ မွေးထားတဲ့ သမီးက မေမေ့ကို ဘုမပြောပါနဲ့။ သမီးက သာ မသိတာ။ အရှင်နှစ်ပါးက တို့တစ်အိမ်သားလုံးကို သိနေတယ်။ တို့မိသားစု သုံးယောက် ဘယ်နေ့က ဘယ်သွားတယ်၊ ဘာလုပ်တယ်၊ ဘာပြောတယ်၊ အို...ကုန်ကုန်ပြောမယ်လေ၊ ဟိုနေ့က မေမေ မင်္ဂလာ ဆောင်သွားရင်း စိန်ဘယက်ကြီး ပြုတ်ကျပျောက်ရစ်ခဲ့တယ် ဆိုတာက အစ သိနေတယ်။ အဲဒီဘယက်ကြီး ဘာကြောင့် ပျောက်တာလဲ သိရဲ့ လား”

ဒေါ်ခင်ဆင့်က ဒေါပါပါ မေးလိုက်၏။

“မခိုင်လို့ ပြုတ်ကျပြီး ပျောက်တာပေါ့၊ မေမေရဲ့”

မခင်စောက ဖြေလိုက်၏။ ဒေါ်ခင်ဆင့် ဒေါပွပြန်လေပြီ။ သမီး၏ အဖြေကြောင့် ဦးစောမောင် ခပ်ပြုံးပြုံး လှည့်ကြည့်လိုက်သေး သည်။ ဦးစောမောင်က ဆေးပြင်းလိပ်ကြီးကို မဲပြီး ဖွာနေသည်။

“တယ်လေ... သမီး မေမေ့ကို စိတ်တိုအောင် မလုပ်စမ်းနဲ့။ အရှင်နှစ်ပါး စိတ်ပျက်ရင် မကောင်းဘူး။ စိန်ဘယက် ပျောက်တာ

mgyoe.com

mgyoe.com


မေမေတို့ ဌာနာလည်း မတိုင်ဘူး။ ဘယ်သူ့မှလည်း မစွပ်စွဲခဲ့ဘူး။ ဘယ်သူသိလို့လဲ။ ဒီအဖြစ်ကို ဟိုမတ္တရာနယ် ဝါးရင်းတုတ်ရွာမှာနေတဲ့ နွယ်က သိနေတယ်။မင်းကလေးက သူ့ကို မိန့်ကြားသတဲ့။ သေသေချာချာ နားထောင်နေ့ဘ်"

ဒေါ်ခင်ဆင့်က စိတ်ပါလက်ပါ ပြောနေသည်။

"ဟုတ်ကဲ့၊ ဆုံးအောင် ပြောပါ မေမေ"

မခင်စောက မိခင် ဒေါပွမည်စိုး၍ အလိုက်သင့် ပြောလိုက်၏။ ဒေါ်ခင်ဆင့်က မျက်လုံးမှေးကာ မျက်တောင်ဝင့်ပြီး ကြေကွဲသံဖြင့် ပြောလိုက်၏။

"ဟိုလွန်ခဲ့တဲ့ ဘဝက မေမေက မင်းကလေးရဲ့ ကြင်ရာတော်ဖြစ်ခဲ့ဖူးတယ်တဲ့။ သမီးရဲ့"

လင်ယောကျ်ား တစ်ယောက်လုံးကို ရှေ့မှာ ငုတ်တုတ်ထားပြီး နတ်သံပစ်နေသော ဒေါ်ခင်ဆင့်အား အစကတည်းက မလွန်ဆန်ဝံ့သော ဦးစောမောင်က မတုန်မလှုပ် နေနိုင်သော်လည်း သမီး မခင်စောကမူ တုန်လှုပ်မိ၏။

"မေမေက ရွှေဖျုဦးညီနောင်မဖြစ်ခင် ဘဝက ကြင်ရာလား၊ ရွှေဖျုဦးညီနောင် ဘဝမှာ အသတ်ခံရတဲ့အထိ ကြင်ရာရှိတယ်လို့ ရာဇဝင်မှာ မတွေ့ခဲ့ပါဘူး မေမေ"

"တယ်လေ... ငါ စိတ်တိုလာပြီ။ ခြေနဲ့ ကန်မိတော့မှာပဲ"

ဒေါ်ခင်ဆင့်က စိတ်ဆိုးစွာ ပြောလိုက်ပြီး ဦးစောမောင် မျက်နှာကိုလည်း လှည့်ကြည့်လိုက်သေး၏။ ဦးစောမောင်ကား မပြုံးဝံ့ရှာချေ။

"မရှင်းလို့ မေးမိတာပါ မေမေရယ်"

မခင်စောက မှင်သေသေဖြင့် တောင်းပန်လိုက်၏။

"အေး... ဘဝဆက်တိုင်း မေမေ့ကို သူတို့ စောင့်ရှောက်လာခဲ့ကြတယ်။ ဒီဘဝမှာ မေမေက သူတို့ကို မေ့နေလို့ သတိပေးတဲ့အနေနဲ့

mgyoe.com

mgyoe.com


စိန်ဘယက်ကြီး ဖျောက်လိုက်တာကွဲ့။ အခုလာတဲ့ နွယ်က မင်းကလေး ကောက်ထားတဲ့ ကြင်ရာတော်။ ညီအစ်မနှစ်ယောက် အတူတူနေရမယ် လို့ မင်းကလေးက အပြည့်အစုံ မိန့်ကြားပြီး လွှတ်လိုက်တာ။ တစ်သက် လုံး မတွေ့ရာနယ် ဝါးရင်းတုတ်ရွာမှာ နေလာတဲ့ နွယ်က အဝေးမှာရှိနေ တဲ့ မေမေတို့အကြောင်းတွေ ဘယ်လိုသိနိုင်မလဲ။ မင်းကလေး မိန့်ကြား လို့သာ သိတာပေါ့။ မဟုတ်လား အစ်ကိုကြီး"

သမီးက ငြိမ်နေသဖြင့် ခင်ပွန်းသည်အား လှည့်ပြောလိုက်၏။

"အေးလေ၊ အဆင့်စိတ်မှာ ဟုတ်တယ် ထင်ရင်လည်း ယုံလိုက် ပေါ့ကွာ။ အဆင့် စိတ်ချမ်းသာမှုသာ အစ်ကိုကြီး လိုလားပါတယ်"

အသက်အရွယ်နှင့် မလိုက်အောင် ချောမောနုပျိုသော ချစ်ဇနီး ၏ မျက်နှာကို မြတ်နိုးလှစွာ စိမ့်စိမ့်ကြည့်ရင်း ဦးစောမောင်က ပြော လိုက်၏။ မခင်စောကမူ ရယ်ချင်သောစိတ်၊ ဝေခွဲမရသော စိတ်ဖြင့် စဉ်းစားနေသည်။ ပျောက်ဆုံးသည်ဆိုသော စိန်ဘယက်မှာ အခြား နေရာတွင် ပြုတ်ကျခြင်း မဟုတ်၊ ကားပေါ်မှာ ပြုတ်ကျခြင်း ဖြစ်သည်။ ထိုနေ့က မင်္ဂလာဆောင်အချိန်နှင့် ကျောင်းချိန် တိုက်ဆိုင်နေသဖြင့် သားအမိ နှစ်ယောက် အတူ ထွက်လာသည်။ ဒေါ်ခင်ဆင့်က မင်္ဂလာ ဆောင်အိမ်တွင် အရင် ဆင်းနေခဲ့ပြီး မခင်စောက ကျောင်းသို့ ဆက်လာ ခဲ့သည်။ ကားပေါ်မှာ စိန်ဘယက် ပြုတ်ကျခဲ့သည်ကို ဒေါ်ခင်ဆင့် မသိ။ ကျောင်းရောက်၍ ကားပေါ်မှ ဆင်းခါနီး မခင်စောက တွေ့သဖြင့် ကောက်ယူထားလိုက်သည်။ ညနေကျောင်းဆင်းလျှင် မိခင်အား အကျိုး အကြောင်း ပြောကာ ပြန်ပေးမည်ဟု စီစဉ်ထား၏။ သို့သော် ကျောင်း ဆင်း အိမ်ပြန်ရောက်သောအခါ ဒေါ်ခင်ဆင့်အား ချော့မော့မြှောက်ပင့် ကာ ညာစားနေတတ်သည့် မိန်းမလည်ကြီး တစ်ဦးဖြစ်သော ကုန်စိမ်း သည် ဒေါ်မြခက်ကို တွေ့ရသည်။ သူ့သမီး အလျှုတစ်ခုသို့ သွားလို

mgyoe.com

mgyoe.com


သဖြင့် စိန်ဘယက် လာငှားကြောင်း သိရ၏။ ဒေါ်မြခက်ကား သူတစ်ပါးထံမှ ပစ္စည်းအစစ် ကို ငှားပြီး အတုနှင့်လဲကာ ပြန်ပေးတတ်သည်ဟူသော နာမည်ပျက်သဲ့သဲ့ ရှိသူဖြစ်၏။ စိန်ဘယက်ကို ဒေါ်ခင်ဆင့်ပြန်ရလျှင် ဒေါ်မြခက်ကို ငှားမည်မှာ သေချာသည်။ စိန်လေးငါးလုံးမျှလဲယူလိုက်လျှင် နည်းသည့် တန်ဖိုး မဟုတ်။ မိခင်၏ စိတ်ကို ကောင်းကောင်းကြီး သိပြီးနေသော မခင်စောက စိန်ဘယက် ပြန်တွေ့ကြောင်းမပြောတော့။ ဆိတ်ဆိတ်ပင် နေလိုက်သည်။ အကြောင်းကိုစွ ပေါ်လာမှ ပြန်ပေးမည်ဟု ဆုံးဖြတ်လိုက်၏။ ဤစိန်ဘယက်အကြောင်းကိုဌာနာမတိုင်၊ မည်သူ့ကိုမှလည်း မစွပ်စွဲသော်လည်း ဒေါ်မြခက် သိသွားသည် မဟုတ်ပါလော။ ဒေါ်မြ ခက် သိလျှင် တစ်ဈေးလုံး မောင်းတီးသည်။ တစ်မြို့လုံး သိသည်။ ဤအကျိုးအကြောင်းကို ဆက်စပ်တွေးတောမှု မရှိဘဲ ဝေးလံလှသော မတ္တရာနယ်မှ မင်းကလေး မိန့်ကြား၍ သိရသည် ဟူသော နတ်ကတော် မိန်းမလျှာ တင်တင်နွယ်အား မျက်စိမှိတ် ယုံနေသော မိခင်အား ဖွင့်ဟ ရှင်းလင်းရန် မခင်စောက ဟန်ပြင်လိုက်၏။

"သမီး ပြောဦးမယ် မေမေ"

ခပ်ပြုံးပြုံးဖြစ်နေသော မခင်စော မျက်နှာကြောင့် ဒေါ်ခင်ဆင့်က သူ့အား မယုံမကြည် သရော်လိမ့်ဦးမည်ဟု ယူဆလိုက်၏။ ထိုကြောင့် စကားပြောခွင့်မပေးချေ။

"ဘာလဲ သမီး၊ အရှင်နှစ်ပါးကို မရိုမသေ ပြောဦးမယ်လို့ မဟုတ်လား။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီးဘာမှ မပြောနဲ့တော့။ အရှင်နှစ်ပါး ဒဏ်ခတ်လို့ စိန်ဘယက် ပျောက်တယ်။ အခု သူ့ကြင်ရာတော်နွယ်ကို စိန်ဘယက်တစ်ခု ဆက်လိုက်ရင် ပစ္စည်းထက် သုံးလေးဆပြန်ပြီး စီးပွားတက်မယ်တဲ့။ အလျှင်အမြန် ဆက်ရမယ်ဆိုတော့ ရွှေဆိုင်

mgyoe.com

mgyoe.com


မှာ တစ်နေ့က တွေ့ခဲ့တဲ့ စိန်ဘယက် သုံးထောင်လောက် တန်တယ်။ အဲဒါပဲ ဝယ်ဆက်ရတော့မှာပဲ။ ပျောက်သွားတဲ့ ဘယက်ကြီးက တစ်သောင်းနီးပါး တန်နေတော့ အင်း... အဲဒါကြီးသာ ဆက်လိုက်ရ သုံးလေးဆ စီးပွားပြန်တက်ဆို နည်းမှာ မဟုတ်ဘူး။ ပျောက်သွားတာ နာလိုက်တာ"

မခင်စောကား ပါးစပ်ပိတ်သွားလေပြီ။ ဒေါ်ခင်ဆင့်က သူ့အတွေးနှင့်သူ ကြည်နူးနေသော်လည်း မခင်စော၏ စိတ်တွင်ကား သူ့တစ်သက်တွင် စိန်ဘယက်အကြောင်းကို မိခင်ဖခင်၏ သေရေးရှင်ရေးမှလွဲလျှင် လုံလုံသာ သိမ်းပါတော့မည်ဟု စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်၏။

ထိုအခိုက် အိမ်ဝင်းထဲသို့ ကားဝင်လာသံကို ကြားရ၏။

"ဟော... နွယ် ပြန်လာပြီ"

ဒေါ်ခင်ဆင့်က ပြောကာ ကြိုဆိုရန်အတွက် ကပျာကသီ ထွက်သွားလေသည်။

"ဖေဖေ ဒီအတိုင်း ကြည့်နေတော့မှာလား"

ထွက်သွားသော မိခင်ကို နောက်မှ ကြည့်ရင်း မခင်စောက မသက်မသာသော အသံဖြင့် မေးလိုက်၏။

"မကြည့်လို့ ဘယ်လိုလုပ်မလဲ သမီး။ ဖေဖေနဲ့ လက်ထပ်ပြီးကတည်းက သူ့စိတ်တိုင်းကျ အလိုလိုက်လာခဲ့တာ အခုမှ စည်းကမ်းလုပ်ချုပ်ချယ်ရင် သူ စိတ်ဆင်းရဲသွားမှာပေါ့"

ဦးစောမောင်က ပေါ့ပေါ့ပင် ဖြေလိုက်၏။

"မဟုတ်သေးပါဘူး ဖေဖေရယ်။ အလိုလိုက်သင့်မှ လိုက်ပေါ့။ အခုကိစ္စကြီးက မိန်းမလျာကြီး အိမ်ပေါ်တင်ထား၊ နတ်ကတော်တွေ တရုန်းရုန်း၊ နတ်ပွဲကြီး တခြိမ့်ခြိမ့်နဲ့၊ အိမ်မှာ သမီးပျိုကလေးနဲ့ လူမြင်

mgyoe.com

mgyoe.com


လို့ မကောင်းပါဘူး။ နတ်တွေ မစလို့ စီးပွားတက်မယ်၊ မတက်မယ် တော့ မသိဘူး။ အခု လတ်တလောမှာ စိန်ဘယက်ဖိုး၊ နတ်ပွဲဖိုး၊ နတ် ရုပ်ဖိုး၊ နတ်ကတော်တွေ ကျွေးမွေးဖို့၊ နတ်ဆိုင်းငှားဖို့ ငွေတွေ ကုန်တော့ မယ်။ အိမ်မှာ လူအတက်အဆင်း ရှုပ်တော့မယ်။ ဖေဖေက တစ်အိမ် ထောင်လုံးအတွက် ခေါင်းဆောင်နေတဲ့ အိမ်ဦးနတ် အစစ်ပါ ဖေဖေ။ ဖေဖေလို အိမ်ဦးနတ်အစစ် တစ်ယောက်လုံး ရှိပါရက်နဲ့ အခြားက နတ်တွေ အိမ်ပေါ်မတက်ပါစေနဲ့ ဖေဖေရယ်။ ဒီတစ်ချက်တည်း ဖေဖေ တင်းလိုက်စမ်းပါနော်"

မခင်စောသည် ဖခင်၏ ဒူးကို ဖက်ကာ လူကြီးကလေး တစ် ယောက်လို အကြောင်းပြပြီး တောင်းပန်ရှာပါသည်။

ဦးစောမောင်က သက်ပြင်းလေးလေးကြီး တစ်ချက် ချလိုက်၏။

"ခက်ပါတယ် သမီးရယ်။ အဆင့်က တစ်ယူသန်ကြီးပဲ။ ဒါတွေ အိမ်ပေါ်မတင်ရဆိုရင် တခြားမှာ သွားပြီး စတည်းချမှာကွဲ့။ အဆင့် ကလည်း နုပျိုငယ်ရွယ်သေးတော့ မျက်စိကွယ်ရာ နားကွယ်ရာမှာ တလွဲ တချော်တွေဖြစ်နေမှာ စိုးတယ်။ အဲဒီတော့ အိုးမကွာအိမ်မကွာ နေတာ က တော်သေးတာပေါ့"

ဦးစောမောင်၏ စကားက ရှင်းနေသည်။ ဒေါ်ခင်ဆင့် ဘာလုပ် လုပ် မျက်စိအောက်မှာ တစိမ့်စိမ့် ကြည့်နေရလျှင် ကျေနပ်သည် ဟူ သော အဓိပ္ပာယ်ထွက်နေ၏။

"ကောင်းပါတယ် ဖေဖေ။ သမီးပျိုလေး မျက်နှာမှ မထောက်ဘဲ ဖေဖေနဲ့မေမေ စီမံပုံတွေ ကောင်းပါတယ်"

မခင်စောသည် ဝမ်းနည်းစွာပြောကာ ဖခင်အနားမှ ထလာခဲ့လေ သည်။ ယခုနှစ် ကိုးတန်းဆိုလျှင် နောင်နှစ် ဆယ်တန်းကို တစ်နှစ် တည်းဖြင့် အောင်မြင်အောင် ကြိုးစားကာ မျက်စိအေး၊ နားအေးရာ

mgyoe.com

mgyoe.com


ရန်ကုန် တက္ကသိုလ်သို့သွားရန်အတွက် စာကိုသာ မဲပြီး ကျက်လေတော့၏။

ဦးစောမောင်၊ ဒေါ်ခင်ဆင့် အိမ်သည် သာယာသော ပန်းခြံအလယ်မှာ ငါးပေမျှ အမြင့်ရှိသော ကျယ်ဝန်းသည့် တစ်ထပ်တိုက်တစ်လုံး ဖြစ်သည်။ အလှူအတန်း ပြုလုပ်သည့်အခါ၊ ရဟန်းသံဃာတော်များ ဆွမ်းကျွေးသည့်အခါ အသုံးပြုသော ဘုရားဆောင်နှင့် တွဲနေသည့် အခန်းကျယ်ကြီးမှာ နတ်ကွန်းကြီး ဖြစ်နေလေပြီ။

မင်းကလေး၏ ကြင်ရာတော် မိန်းမလျာ တင်တင်နွယ်၏ အစီအမံဖြင့် ထိုအခန်းကျယ်ကြီးအတွင်းမှာ အမြင့်သုံးပေမျှရှိသော စင်တစ်ခုကို ဆောက်လုပ်ထားသည်။ နီရဲသော ရှုံထည်ကို အပြည့်ခင်းထားသည့် ထိုစင်ပေါ်ဝယ် ရွှေရောင်တဝင်းဝင်းဖြင့် ထင်းထင်းကြီး ရပ်နေသော မင်းညီနောင် နတ်ရုပ်ကြီးများ၊ စိုးတော်ကျားရုပ်ကြီးများ၊ အုန်းပွဲငှက်ပျောပွဲများ၊ အမွှေးတိုင် ဖယောင်းတိုင်များ၊ မင်းညီနောင် နှစ်ပါး၏ဝတ်လဲတော် ပုဆိုးများ၊ ဖောင်းတော်များဖြင့် ပြည့်နှက်နေ၏။

"သပြေပန်းကိုလ၊ လက်လှမ်းတဲ့ ကိုင်ကာကိုင်ကာ၊ မင်း ညီနောင်ပန်၍ သွားလျှင် နားပြည့်အောင်ပါ၊ တောင်ပုပ္ပားရယ်က၊ မယ်ဖုရား သည်းချာငယ်၊ ယဉ်ပါဘိကြော့ရှင်း၊ ပုဆိုးပန်းနီလွင်နှင့်၊ ဖောင်းကြယ်ပြင် ရွှေရောင်ပွမှာ ထုံးမြိတ်စကွင်း၊ ယုန်ပေါင်ယုန်ပေါင် မင်းလက်ဆောင်၊ ယုန်ပေါင်ယုန်ပေါင် တစ်ကိုက်၊ သေပင်သေ တစ်ကျိုက်နှင့်လေး၊ အလိုက်ကယ် မင်းညီနောင် ပျော်ချည့်လေး၊ အလိုက်ကယ်မင်းညီနောင် ပျော်ချည့်လေး"

နတ်စင် တစ်ဖက်ထောင့်ရှိ မှန်စီရွှေချ ဆိုင်းဝိုင်းကြီးမှ မြူးကြွကခုန်ချင်ဖွယ်ရာ နတ်ဒိုးသံက ဟိန်းပြီး ထွက်လာသည်။ နတ်ဆိုင်းသံကြားမှာ စူးရှကျယ်လောင်သော နတ်ထိန်းကြီး တစ်ယောက်၏ နတ်သံ

mgyoe.com

mgyoe.com


က ထွင်းဖောက် ပေါ်လာသည်။ ပိုးထိုင်မသိမ်း အချိတ်ပုဆိုးဝတ်ကာ ပဝါနီရင်စည်း၊ ငွေကြယ် ပေါက်ထားသော ပဝါနီ နှစ်ဖက်စချပေါင်းပြီး မင်းကလေးအသွင် ဆင်ယင်ထားသော မိန်းမလျာ တင်တင်နွယ်က အရက်ပုလင်း တစ်ဖက်၊ သပြေခက်များ တစ်ဖက် ကိုင်ပြီး နတ်ဆိုင်း ချက်နှင့်အညီ ကနေသည်။ နတ်ကတော် နှစ်ယောက်က တင်တင်နွယ် ၏ တစ်ဖက်တစ်ချက်စီ မလှမ်းမကမ်းမှာ ရှိသေစွာ ပုဆစ်ဒူးချထိုင်ပြီး အရိုးရှည် တပ်ထားသော မှန်စီရွှေချ ယပ်နှစ်လက်ဖြင့် တင်တင်နွယ်ကို ခပ်ပေးနေသည်။ တင်တင်နွယ်၏ ရှေ့တည့်တည့် ကတ္တီပါဖုံ့အပါးလေး ပေါ်၌ကား လှပစွာ ဆင်ယင်ဝတ်စားထားသော ဒေါ်ခင်ဆင့်က ကျုံ့ ကျုံ့ယုံ့ယုံ့ ထိုင်နေ၏။ မင်းကလေးနှင့် ဒေါ်ခင်ဆင့်တို့ လက်ထပ်ပွဲ ဆင်ယင်နေခြင်း ဖြစ်၏။ နဂိုက မိန်းမချောချောနေသော မိန်းမလျာ တင်တင်နွယ်မှာ ယခုကဲ့သို့ မင်းညီမင်းသား အဝတ်အစားနှင့်ဆိုသော် အမှန်တကယ်ပင် လှပတင့်တယ်ပေရာ ဒေါ်ခင်ဆင့်၏ မျက်စိထဲတွင် ကြည့်မဝရှုမဝဖြစ်ပြီး တင်တင်နွယ် ဟူ၍ မထင်။ မင်းကလေး၏ ပင်ကို အဆင်းသဏ္ဌာန်ပင်ဟု ထင်မှတ်ယူဆကာ ကြည်နူးသော ပီတိစိတ်ဖြင့် ရင်ထဲမှာ သိမ့်သိမ့်ခါနေတော့၏။

"နှမကြီး ပျော်ရဲ့လား"

အသံပြာ အသံကြောင်ကလေးဖြင့် တိုးတိတ်ညင်သာစွာ ပြော လေ့ရှိသော မင်းကလေး ပူးကပ်နေသည့် တင်တင်နွယ်၏ နှုတ်မှ အောင်မြင် ကြည်လင်သော ယောကျ်ားပီသသည့် အသံကို ကြားလိုက်ရ သော ဒေါ်ခင်ဆင့်မှာ အတိုင်းမသိသော ယုံကြည်စိတ်၊ ကြည်ညိုစိတ်၊ မြတ်နိုးချစ်ခင်သော စိတ်ဖြင့်–

"ပျော်ပါတယ်၊ မောင်ကြီးဘုရား"

ဟု ရှင်လန်းဝမ်းမြောက်စွာ တုံ့ပြန်လိုက်၏။ မောင်ကြီးဘုရား

mgyoe.com

mgyoe.com


အသံ သာယာလှပါပေသည် ဟူ၍လည်း စိတ်တွင်းက မှတ်ယူလိုက်၏။

"ဘဝဟောင်းက ကြင်ရာတော်ဖြစ်ခဲ့လို့ သံယောဇဉ် အမျှင်မပြတ်နိုင်ဘဲ မောင်ကြီးက အခုလို လိုက်ပြီး စောင့်ရှောက်ရပေတယ်။ နှမကြီးရဲ့ ခင်ပွန်းကို မောင်ကြီး ခွင့်လွှတ်ပါတယ်။ ပျော်ပျော်သာနေကြပါ။ မောင်ကြီး တွေ့မြင်လိုတဲ့ဆန္ဒပေါ်လာရင် နှမကြီးထံ အချိန်မရွေး လာရောက် လည်ပတ်မယ် ဆိုတာတော့ နှမကြီး သတိပြုနော်"

ဓာတ်မင်းသား ဟန်ပါပါဖြင့် တင်တင်နွယ်၏ နှုတ်မှ ထွက်သမျှ စကားသည် ဒေါ်ခင်ဆင့်၏ နားထဲမှာ ပျားသကာလို ချိုပြီး စွဲသွားသည်။

"ဝမ်းမြောက်လှပါတယ်၊ မောင်ကြီး ဘုရား"

ဒေါ်ခင်ဆင့်က နှစ်ခြိုက်လေးနက်စွာ ပြန်ပြောလိုက်၏။

"ကဲ... မောင်ကြီး တခြား ရုံရွှေတော်များထံ တစ်လှည့်သွားဖို့ အချိန်တန်ပြီ။ ဟောဒီ ရုံရွှေတော်တွေ၊ ပျော်တော်ဆက်တွေ၊ အထိန်းတော်တွေကို မောင်ကြီး ဝတ်လဲတော်ကျ ဖောင်းတော် ပုဆိုးတော်တွေ သောက်တော်ရေကျတွေကို ကိုယ်စီ ကိုယ်ငရအောင် စွန့်ကြဲလိုက်ပါ၊ နှမကြီး"

"အမိန့်အတိုင်းပါ၊ မောင်ကြီး ဘုရား"

နတ်ဒိုးသံချလျှင် တင်တင်နွယ်သည် လက်အုပ်ချီလျက် ထိုင်ကာ တဆတ်ဆတ် တုန်နေသည်။ နတ်ထိန်းနတ်ကတော်များက တယုတယ တွဲယူလိုက်၏။ မင်းကလေး ထွက်ကြွသွားလေပြီ။ ဆိုင်းတီးသူများ၊ နတ်ထိန်း နတ်ကတော်များအားလုံး ဝတ်လဲတော်ကျ ပိုးပုဆိုး အသစ်စက်စက်၊ ပိုးပဝါ အသစ်စက်စက်များ၊ အရက်ပုလင်းများ၊ ကြက်သားကြော် အထုပ်ကြီးများ ကိုယ်စီပွေ့ပိုက်၍ နတ်ကွန်း ခန်းမ

mgyoe.com

mgyoe.com


ဆောင်မှ ထွက်ခွာသွားကြလျှင် အဝတ်အစားလဲပြီးပြီဖြစ်သော တင်တင်နွယ်က–

"မောလိုက်တာ မမဆင့်ရ။ ကိုယ်တော်ကလေး ကြွလာတာ တော်တော် ကြာသလား"

ဟု အသံကြောင်ပြာပြာကလေးဖြင့် တိုးတိတ်ညင်သာစွာ မေးရင်း ညီမငယ်ကလေး တစ်ယောက်လို ဒေါ်ခင်ဆင့်၏ ပခုံးကို မှီလိုက်သည်။ ဒေါ်ခင်ဆင့်က ပြုံးချိုသော မျက်နှာဖြင့် ချစ်ခင်ယုယစွာ ဖက်လိုက်၏။

တစ်ခုသော အခန်းထောင့်အကွယ်မှ အစအဆုံး ချောင်းမြောင်းကြည့်ရှုနေသော မခင်စောကား ညို့မှိုင်းသော မျက်နှာဖြင့် ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။ ထိုအခိုက်–

"အဆင့်ရေ"

ဟူသော ဦးစောမောင်၏ ခေါ်သံနှင့် ခြေသံက ပြိုင်တူ ပေါ်လာသဖြင့် မခင်စောသည် ချောင်းကြည့်နေရာမှ ကပျာကသီ ထွက်ခွာသွားလေသည်။

ဦးစောမောင်သည် နတ်ကွန်းခန်းဆောင်အတွင်းသို့ ဝင်ရောက်လာသည်။ မိန်းမပျိုကလေးလို ပုဆစ်တုပ်ကာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေသော တင်တင်နွယ်အား တစ်ချက်မျှ ကြည့်လိုက်ပြီး မတ်တတ်ရပ်လျက်ကပင် ချစ်ဇနီးအား စကားပြောလိုက်၏။

"နတ်ပွဲ မီအောင် ပြန်လာမယ်လို့ စိတ်ကူးတာပဲ အဆင့်ရဲ့။ စက်ထဲမှာ အလုပ်က နည်းနည်းများသွားလို့။ မင်းကလေးက ဘာတဲ့လဲ။အစ်ကိုကြီးနဲ့ ကွာရ ရှင်းရမယ်တဲ့လား "

နတ်နှင့် လက်ထပ်သော အမျိုးသမီးဆိုလျှင် လင်ယောကျ်ားနှင့် ကွာရှင်းပစ်ရသည် ဟူသော စကားကို သဲ့သဲ့မျှ ကြားဖူးသော ဦးစောမောင်က ဒေါ်ခင်ဆင့်အား စုံမက်မြတ်နိုးစွာ ကြည့်ပြီး မေးလိုက်၏။

mgyoe.com

mgyoe.com


"ထိုင်ပါဦး အစ်ကိုကြီးရယ်။ အေးအေးဆေး ပြောပြပါမယ်။ ကိုယ်တော်လေးက သဘောကောင်း ရှာပါဘိသနဲ့"

ဒေါ်ခင်ဆင့်၏ အမိန့်အတိုင်း ဦးစောမောင်က ထိုင်လိုက်၏။ တင်တင်နွယ်အနားမှာ ကပ်ပြီး ထိုင်မိသောကြောင့် တင်တင်နွယ်သည် ရှက်ရွံ့သော အမူအရာဖြင့် လျှင်မြန်စွာ နေရာရွှေ့လိုက်သည်။

"ဘယ်သွားမလို့လဲ တင်တင်နွယ်။ ထိုင်စမ်းပါဦး"

ထသွားမည် ထင်သဖြင့် ဦးစောမောင်က တင်တင်နွယ်၏ လက်မောင်းကို ကိုင်ဆွဲကာ ပြောလိုက်သည်။

"အို... အို... လွှတ်ပါ အစ်ကိုကြီး။ ထိုင်ဆို ထိုင်နေပါ့မယ်။ နွယ့်ကို မကိုင်ပါနဲ့"

အသံကြောင်ပြာပြာကလေးဖြင့် ပြောရင်း တင်တင်နွယ်က ကြောက်ရွံ့စွာ ရုန်းလိုက်သည်။ တကယ့် မိန်းကလေး အစစ်အတိုင်း ပါပဲလားဟု ဦးစောမောင်က တွေးရင်း လွှတ်လိုက်သည်။

ဒေါ်ခင်ဆင့်က ကျေနပ်စွာ ပြုံးပြီး–

"နွယ့်ကို နှမလေးအရင်းလို သဘောထားပြီး ကိုင်တာပါ နွယ်ရယ်။ အစ်ကိုကြီး စိတ်သဘောကို သံသယမဖြစ်ပါနဲ့" ဟု ပြောလိုက်၏။

"မဖြစ်ပါဘူး မမဆင့်။ ဒါပေမဲ့... ဒါပေမဲ့ နွယ်က ဘယ် ယောကျာ်း နဲ့မှ အခုလို မထိခိုက်ဖူးတော့ မနေတတ်ဘူး မမဆင့်ရဲ့။ နွယ် ရှက် တယ်"

တင်တင်နွယ်က တုန်ယင်သော အသံဖြင့် ပြောကာ ဦးစော မောင်နှင့် လက်တစ်ကမ်းသာသာ အကွာသို့ သိုသိပ်ပိရိစွာ ရွှေ့ထိုင်ပြီး မျက်နှာငုံ့ကာ လက်ထဲမှာ ကိုင်ထားသော ပိုးလက်ကိုင်ပဝါကလေးကို ဆုပ်လိုက်ဖြန့်လိုက်ဖြင့် လုပ်နေသည်။ ဟန်မူရာမှာ တကယ့် အရှက် အကြောက် အားကြီးသော အပျိုစစ်ကလေး တစ်ယောက်နှင့် မခြားပေ။

mgyoe.com

mgyoe.com



"အဲဒါပဲကြည့်တော့ အစ်ကိုကြီး။ နွယ်က ယောကျ်ားနဲ့ ပတ်သက်လာရင် သိပ်ရှက်တတ်တာ။ အဲ... ဒါနဲ့ ကိုယ်တော်လေးက မိန့်ကြားသွားတယ် အစ်ကိုကြီးရဲ့။ အဆင့်နဲ့ အခုလိုပဲ ပျော်ပျော်နေဖို့ ခွင့်ပြုပါတယ်တဲ့။ တစ်ခါတစ်ရံမှ သူ ကြွလာမယ်တဲ့။ ကိုယ်တော်လေး ကြွလာချိန်မှာတော့ ပွဲပေးရမယ်လေ အစ်ကိုကြီးရဲ့"

ဒေါ်ခင်ဆင့် စကားပြော၍ ဆုံးလျှင်–

"အစ်ကိုကြီးနဲ့ မမဆင့် လွတ်လွတ်လပ်လပ် စကားပြောပါ။ နွယ် ပန်းခြံထဲ သွားပါရစေ"ဟု တင်တင်နွယ်က ခွင့်တောင်းပြီး တင်ပါးဆုံလေးကို ယမ်းကာ ကန့်ကလျဖြင့် အခန်းထဲမှ ထွက်သွားသည်။ ဦးစောမောင်က တင်တင်နွယ် ထွက်သွားသည်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး–

"လည်ပင်းက စလုတ်လေးယောင်ယောင်ရှိတာကလွဲပြီး မိန်းမ အစစ်အတိုင်းပါပဲနော် အဆင့်" ဟု ပြောလိုက်၏။

"ဟုတ်တယ် အစ်ကိုကြီး။ တစ်ခါတလေ အဆင့်ကို နွဲ့နေတာ များလေ ညီမဆိုးလေးအတိုင်းပဲ။ နွယ့်ကို ယောကျ်ားနဲ့ ပတ်သက်တဲ့ အကြောင်း ပြောလို့မရဘူး။ အားကြီး ရှက်တတ်တယ်"

ဒေါ်ခင်ဆင့်က အားပါးတရ ထောက်ခံလိုက်ပြီး–

"နတ်ကွန်း ပြင်ရတာရော၊ ပွဲပေးရတာရော နှစ်ထောင်လောက် ကုန်သွားတယ် အစ်ကိုကြီးရေ့။ နွယ့်အတွက် စိန်ဘယက် ဝယ်တာပါ ထည့်ရင် ငါးထောင် ကျော်တာပေါ့။ အဆင့်ကို အပြစ်များ တင်ဦးမှာလား"

ဟု ချစ်စဖွယ် မျက်စကလေးချီကာ မေးလိုက်သည်။

"တင်ပါဘူးကွာ။ အစ်ကိုကြီး ရှာနေတာ အဆင့်သုံးဖို့ မဟုတ်လား။ ချစ်မယားရဲ့ သဘောအတိုင်း သဘောအတိုင်း"

mgyoe.com

mgyoe.com



ဦးစောမောင်က ကျေနပ်သံကြီးဖြင့် ပြောလိုက်၏။ ဒေါ်ခင်ဆင့်က ပြုံးချိုသော မျက်နှာထားဖြင့် ဦးစောမောင်အား ကြည့်လိုက်၏။ ဒေါ်ခင်ဆင့်၏ မျက်စိထဲတွင် ဆံပင်ဖြူစပျိုး၍ ရင့်ရော်သော အသွင်သဏ္ဌာန်ပေါ်နေသော ဦးစောမောင်၏ မျက်နှာကို မမြင်။ ငွေကြယ်ပေါက် ပဝါ အနီကို နှစ်ဖက်စချ ပေါင်းထားသော မင်းကလေး ဝင်ပူးနေသည့် ချောမောလှပသော တင်တင်နွယ်၏ မျက်နှာကို မြင်နေသည်။ ဦးစောမောင်ကား သူ့ကို ကြည့်နေသော ချစ်ဇနီး၏ ပြုံးချိုလှပသည့် မျက်နှာကို စိမ့်စိမ့်ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေလေသည်။

* * *

မခင်စောသည် အိမ်နောက်ဘက် ခြံထောင့်ရှိ ကြီးမားသော ပိတောက်ပင်ကြီး၏ အရင်းမြစ်ပျဉ်းနှစ်ခုအကြားဝယ် ခြေပစ်လက်ပစ်ထိုင်ကာ မိဘနှစ်ပါးအရေး တွေးနေပြီး ရင်လေးနေရှာသည်။ ထိုအခိုက်သစ်ရွက်ခြောက် နင်းလာသည့် ခြေသံကို ခပ်လှမ်းလှမ်းမှ ကြားရသဖြင့်မှီထိုင်နေသော မြစ်ပျဉ်းကို ကွယ်ကာ အသာအယာ ချောင်းကြည့်လိုက်၏။ မန္တလေး ပိုးလုံချည်ရွှေဝါရောင်ကို ခြေမျက်စေ့ဖုံးဝတ်ကာ အတွင်းမှဇာတွေ မွမ်းမံထားသော စွပ်ကျယ်လိုလို ဘော်လီလိုလို စကောစကအင်္ကျီ ပေါ်လွင်စေရန် ပါးလွှာသော အဝါနုရောင် အော်ဂန်ဒီစပို့ရှပ်ရှည်ကို ဝတ်ပြီး ပေါင်ဒါအဖွေးသားနှင့် ကန္နဲ့ကလျ လျှောက်လာနေသော တင် တင်နွယ်ကို မြင်လိုက်၏။ မခင်စော၏ စိတ်ထဲတွင် အကြံတစ်ခုပေါ်လာသည်။ တင်တင်နွယ် ပိတောက်ပင်အနီး ရောက်လာပါစေဟု ဆုတောင်းရင်း တင်တင်နွယ် မမြင်အောင် ပိတောက်ပင်နှင့် ကွယ်ကာ ထဘီကို လျင်မြန်စွာ အောက်အထက် ဖောက်ထိုး လှည့်ဝတ်လိုက်၏။ အနားတွင် အဆင်သင့်ရှိသော ခြံတွင်း အမှိုက်သရိုက်များ မီးရှို့စဉ်က

mgyoe.com

mgyoe.com


တစ်ပိုင်းတစ်စ လောင်ထားသည့် သစ်ကိုင်းခြောက် တစ်ခုကို ကောက်ယူကာ မီးသွေးပြာ ဖြစ်နေသည့် အပိုင်းကို လက်ဖြင့်ယူပြီး မျက်နှာကို ကြောင်ကြောင်ကြားကြားဖြစ်အောင် ပွတ်လိုက်သည်။ ထုံးထားသော ဆံပင်ကို ဖြေကာ မျက်နှာပါ အုပ်အောင် ဖိုးရိုးဖားရား လုပ်လိုက်၏။ နဂိုကပင် နွံ့နွံ့နှောင်းနှောင်းမဟုတ်ဘဲ ဖွံ့ထွားသန်စွမ်းသော ကိုယ်လုံးကိုယ်ထည် ရှိနေသော မခင်စော၏ ရုပ်ဖျက်ထားသော အသွင်သဏ္ဌာန်သည် ရုတ်တရက် မြင်ရသူအဖို့ ထိတ်စဖွယ် ဖြစ်နေ၏။

ကံအားလျော်စွာ တင်တင်နွယ်သည် ပိတောက်ပင် အနီးသို့ ရောက်လာသည်။ မခင်စောသည် ပိတောက်ပင်အကွယ်မှ ရုတ်ခနဲ ထွက်ကာ သွားကို အစွမ်းကုန် ဖြီးပြီး–

"ဟီး... ဟီး... ဟီး... ဟီး..."

ဟု ကြောက်စဖွယ် အော်မြည်ကာ တင်တင်နွယ်၏ ရင်ဘတ်ကို တအား ခုန်ပြီး ဆောင့်တွန်းလိုက်၏။

"အောင်မယ်လေးဗျ "

ဟု ကြောက်ရွံ့စွာ အော်ဟစ်လိုက်သော တင်တင်နွယ်၏ အသံကား တကယ့် ယောကျ်ား ဇစ်ယောက်၏ အသံ၊ မင်းကလေး ဝင်ပူးစဉ်က ပျော်ရဲ့လား နမကြီးဟု မေးလိုက်သော အသံအစစ်ပေတကား။

"ဘာမိန်းမလျာတုန်းဟင်... လူလိမ်လူညာ"

ဖိုးရိုးဖားရားကျနေသော ဆံပင်များကို ဖယ်ကာ မခင်စောက အံကြိတ် မေးလိုက်၏။ တင်တင်နွယ်သည် မျက်လုံးအပြူးသားနှင့် မခင်စောအား ကြည့်နေရာမှ အိမ်ဘက်ဆီသို့ လှည့်ပြေးလေသည်။

"မမဆင့်... မမဆင့်... အစ်ကိုကြီး"

ဟူ၍လည်း အသံကြောင်ပြာပြာကလေးဖြင့် အော်ဟစ်သွားလေ၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် အပြောင်းအလဲ ဟန့်

mgyoe.com

mgyoe.com


ဆောင်မှ လျင်မြန်တတ်နိုင်လှသော တင်တင်နွယ်အား ဒေါသဖြစ်လှသောစိတ်ဖြင့် မခင်စောက ထဘီပြင်ဝတ်ရန်၊ ဆံပင်ပြန်ထုံးရန် သတိမရနိုင်ဘဲ နောက်မှ အပြေးလိုက်လေသည်။

အော်သံဟစ်သံများကြောင့် အိမ်ပြင်ဘက်သို့ ဦးစောမောင်နှင့် ဒေါ်ခင်ဆင့်က ထွက်လာသည်။

"အောင်မယ်လေး... အစ်ကိုကြီးရေ။ မမဆင့် ကယ်ကြပါဦး။ နွယ့်ကို သရဲမကြီး လိုက်ခြောက်တယ်"

တင်တင်နွယ်က တဟင့်ဟင့် ငိုကြွေးရင်း မောပန်းနွမ်းနယ်စွာဖြင့် ဦးစောမောင်၏ ခြေရင်းတွင် ခွေခွေကလေး လဲသွားသည်။

"အလို... အလို... ဘယ့်နှာလဲ"

ဒေါ်ခင်ဆင့်က ထိတ်လန့်စွာ မြည်တမ်းရင်း ခွေခွေကလေး လဲနေသော တင်တင်နွယ်ကို တစ်လှည့်၊ ထဘီဖောက်ထိုး ဆံပင်ဖိုးရိုးဖားရား အိုးမဲတွေ ကြောင်ကြောင်ကြားကြားဖြင့် အနားရောက်လာပြီဖြစ်သော မခင်စောကို တစ်လှည့် ကြည့်လိုက်၏။

"ဖေဖေ... မေမေ... သမီးပါ... ခင်စောပါ"

မခင်စောက ပြောရင်း ဖိုးရိုးဖားရားဖြစ်နေသော ဆံပင်များကို စုထုံးလိုက်၏။ ထိုအခါမှ ကြောင်ကြည့်နေသော ဦးစောမောင်က–

"ဟဲ့.... သမီး ဘယ်လိုဖြစ်လာတာလဲ။ သွားစမ်း... သွားစမ်း... သမီး အဝတ်အစားလဲစမ်း။ အကျိုးအကြောင်းပြီးမှ လာပြော"

ဟု ထဘီဖောက်ထိုး ကိုးယိုးကားရား ဖြစ်နေသော မခင်စော၏ အသွင်သဏ္ဌာန် အမြင်မတော်သဖြင့် ပြောလိုက်၏။ ထိုအခါမှ မခင်စောသည် ဖခင်ရှေ့တွင် ထဘီဖောက်ထိုးဖြင့်နေရန် မသင့်တော်ကြောင်း စဉ်းစားမိကာ ဖခင်ကို ရိုသေသောအားဖြင့် နောက်မှ အကျိုးအကြောင်းရှင်းတော့မည်ဟု နှလုံးပိုက်ကာ အိမ်ထဲသို့ လျင်မြန်စွာ ဝင်သွားလေသည်။

mgyoe.com

mgyoe.com


"အစ်ကိုကြီး၊ နွယ် သတိမေ့နေပြီ"

ခွေခွေကလေး လဲနေသော တင်တင်နွယ်၏ ပခုံးကို ကိုင်ရင်း ဒေါ်ခင်ဆင့်က ထိုင်ရာမှ ဦးစောမောင်ကို မော်ကြည့်ပြီး စိုးရိမ်စွာ ပြောလိုက်၏။

သရဲမကြီး အသွင်သဏ္ဌာန်ဖြင့် နောက်မှ လိုက်သောကြောင့် ထိတ်လန့်တကြား ပြေးလွှားရင်း သတိလစ်ရရှာသော တင်တင်နွယ်နှင့် မခင်စောတို့အဖြစ်ကို ဦးစောမောင်နှင့် ဒေါ်ခင်ဆင့်၏ မြင်ကွင်းတွင် မခင်စော အလွန်ဆိုးနေသည်။

"ခက်လိုက်တဲ့ သမီးနှယ်နော်။ တစ်ဖက်သားကို ဒုက္ခသွားပေးတယ်။ ပွေ့ပြီး သတိရအောင် လုပ်စမ်း အဆင့်။ အစ်ကိုကြီး ပွေ့ရင်သူ ရှက်နေဦးမယ်"

ဦးစောမောင်က ပြောသဖြင့် ဒေါ်ခင်ဆင့်က ပွေ့ပြီး–

"ညီမလေးနွယ် "

ဟု ပါးချင်းအပ်ကာ ယုယုယယ သုံးလေးခွန်းခေါ်မှ တင်တင်နွယ် မျက်စိပွင့်လာသည်။

"အောင်မယ်လေး ကြောက်တယ် မမဆင့် ကြောက်တယ်။ သရဲမကြီး၊ သရဲမကြီး နွယ့်နောက်ကို လိုက်လာတယ်"

တင်တင်နွယ်က တဟင့်ဟင့် ငိုရင်း အသံပြာကလေးဖြင့် တုန်တုန်ယင်ယင်ပြောကာ ဒေါ်ခင်ဆင့်ကို တအား ဖက်ထားသည်။ ဒေါ်ခင်ဆင့်ကလည်း ကြင်နာစွာ ပြန်ဖက်ထား၏။ သို့သော် မိန်းမလျာ တစ်ယောက် ဖြစ်လင့်ကစား ကိုယ်ခန္ဓာ အဖွဲ့အစည်း အစိတ်အပိုင်း အားလုံးက ယောကျ်ားစစ်စစ် တစ်ယောက်ပါတကား ဟူသော အသိကြောင့် ဒေါ်ခင်ဆင့် ရင်ထဲဝယ် သိမ့်သိမ့်ခါနေသည်။ တင်တင်နွယ်ကို ရင်ခွင်ထဲမှ ပြန်မထုတ်ချင်တော့ပေ။ တင်တင်နွယ်၏ ဖက်ထားမှုကိုလည်း စိတ်ထဲက သာယာကြည်နူးမိလေသည်။

mgyoe.com

mgyoe.com


"သရဲမကြီး မဟုတ်ဘူး ညီမလေးရဲ့။ သမီးပါ။ သမီးက ကလေးလိုပဲ အင်မတန် နောက်တတ်တယ်"

ဒေါ်ခင်ဆင့်က ဖြေသိမ့်လိုက်၏။

"နွယ် ကြောက်တတ်ပါတယ် မမဆင့်ရယ်။ နွယ့်ကို ဒီလို ကျီစားရင် ကိုယ်တော်လေး တိုင်မယ်။ အစ်ကိုကြီး၊ နွယ့်ရင်ထဲမှာ ဘယ်လို ဖြစ်နေမှန်း မသိဘူး။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ သိပ်တုန်တာပဲ။ ဟင့်...ဟင့် ... ဟင့်"

တင်တင်နွယ်က မျက်လုံးကလေး ကလယ်ကလယ် အသံကလေးပြာပြာဖြင့် ဦးစောမောင်နှင့် ဒေါ်ခင်ဆင့်အား တစ်လှည့်စီ ကြည့်ပြီး သနားစဖွယ် တိုင်လိုက်သည်။ ကလေးတစ်ယောက်လို ငိုလိုက်သေးသည်။ တကယ့်ကို စိတ်ဓာတ်ရော ကိုယ်ခန္ဓာပါ နုနယ်သူကလေးပါ ကလားဟု ဦးစောမောင်က အကြွင်းမဲ့ ယုံကြည်ကာ အတိုင်းမသိ သနားသွားသည်။

"ကဲ... အဆင့်ရယ်၊ တင်တင်နွယ်ကို တွဲပြီး အိမ်ထဲ ခေါ်သွားပါ။ ဆရာဝန်ခေါ်သင့်လည်း ခေါ်ခိုင်းလိုက်။ အစ်ကိုကြီး စက်ထဲ ဆင်းလိုက်ဦးမယ်"

ဟု ပြောပြီး ဦးစောမောင် ထွက်သွားလေသည်။

တင်တင်နွယ်က ဒေါ်ခင်ဆင့်ကို အားပြုမှီတွယ်ကာ အိမ်ထဲ ဝင်လာသည်။ တင်တင်နွယ်အတွက် အထူးတလည် မွမ်းမံပြုပြင်ထားသော အိပ်ခန်းထဲအထိ ဒေါ်ခင်ဆင့်က တွဲပို့ရသည်။ ရင်ထဲက တလှပ်လှပ်ဖြင့် ထိတ်လန့်တုန်လှုပ်နေပါသေးသည်ဆိုသော တင်တင်နွယ်ကို ဒေါ်ခင်ဆင့်က ကလေးသိပ်သလို ရင်ခွင်ဖြင့် မှေးပြီး အိပ်ရာပေါ်သို့ လှဲသိပ်ပေးရသည်။ အိပ်ရာပေါ်သို့ လဲလျောင်းမိပြီဖြစ်သော တင်တင်နွယ်က သူ့ကိုယ်ပေါ်မှာ ကိုင်းညွတ်နေသေးသော ဒေါ်ခင်ဆင့်အား

mgyoe.com

mgyoe.com


ခပ်ညှစ်ညှစ် ဖက်လိုက်၏။ အခိုးအလျှံတွေ တောက်ပြောင်နေသော မျက်လုံးဖြင့် စိုက်ကြည့်လိုက်၏။ ဒေါ်ခင်ဆင့်မှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားလေသည်။

"နှမကြီး"

ဟော... ချက်ချင်းပင် မင်းကလေး ကွဲလာလေပြီ။ မင်းကလေး ပူးကပ်နေသော တင်တင်နွယ်က ဒေါ်ခင်ဆင့်အား မင်းကလေး အသံဖြင့် ခေါ်လိုက်၏။

"အမိန့်ရှိပါ၊ မောင်ကြီး ဘုရား"

ဒေါ်ခင်ဆင့်က ရိုသေစွာ တင်လျှောက်လိုက်၏။

"အခုဖြစ်သမျှ အားလုံးကို မောင်ကြီး သိတယ်။ မိုက်လှတဲ့ ကလေးမကို မောင်ကြီး ဒဏ်ခတ်ရမလား"

မင်းကလေးက တင်းမာစွာ မိန့်ကြားလိုက်၏။

ဒေါ်ခင်ဆင့်သည် ထိတ်လန့်စိုးရိမ်စွာ မင်းကလေး ပူးကပ်နေသော တင်တင်နွယ်အား လက်အုပ်ချီကာ–

"ကလေးငယ် အမိုက်အမဲ တစ်ခါတစ်ရံ မှားတာ ခွင့်လွှတ်ပါ မောင်ကြီး ဘုရား။ နှမကြီး တောင်းပန်ပါတယ်" ဟု တောင်းပန်လိုက်၏။

"ကောင်းပြီ၊ နှမကြီး မျက်နှာထောက်ထားပြီး တစ်ကြိမ်တစ်ခါ သည်းခံမယ်။ နှမကြီးထံ မရောက်တာလည်းကြာပြီဖြစ်လို့ ယနေ့ညသန်းခေါင်အချိန်မှာ မောင်ကြီး ကွမြန်းခဲ့မယ်။ အနှောင့်အယှက်တွေ မလိုလားဘူး။ ဟောဒီ ကြင်ရာတော်ကလေးရှိရာ အခန်းကို နှမကြီး မပျက်မကွက် လာခဲ့ရမယ်"

"အမိန့်တော်အတိုင်းပါ မောင်ကြီး ဘုရား။ အနှောင့်အယှက် ကင်းလွတ်အောင် နှမကြီး မည်သူ့မှ အသိမပေးဘဲ နှုတ်လုံပါမယ် မောင်ကြီး ဘုရား"

mgyoe.com

mgyoe.com


"ကောင်းပြီ။ ကတိတည်စေ၊ နှမကြီး"

ဝါးခနဲ သန်းကာ မင်းကလေး ကြွမြန်းသွားလေပြီ။

"အို...မမဆင့် မပြန်သေးဘဲကိုး။ နွယ် အိပ်ပျော်သလို ဖြစ်သွားတယ်"

အသံကြောင်ပြာပြာကလေးဖြင့် တင်တင်နွယ်က ပြောလိုက်၏။

"နေလို့ကောင်းရဲ့လား၊ နွယ် "

ဒေါ်ခင်ဆင့်က မေးလိုက်သည်။

"ကောင်းပါတယ် မမဆင့်။ နွယ့်ကို စောင့်ရတာ မမဆင့် ပင်ပန်းပါတယ်လေ။ အနားသွားယူပါ။ နွယ်လည်း တစ်မှေးလောက် မှေးလိုက်ပါဦးမယ်"

တင်တင်နွယ်က ပြောရင်း မျက်တောင် စင်းသွားသဖြင့် ဒေါ်ခင်ဆင့်သည် ချောမောသော တင်တင်နွယ်၏ မျက်နှာကို နှစ်သိမ့်ကြည်နူးစွာ တစ်ချက်မျှ စိုက်ကြည့်ပြီး အခန်းပြင်သို့ ထွက်လာသည်။ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ခေါင်းကို သပ်ရပ်စွာ ဖြီးပြီးသော မခင်စောအား ထမင်းစားခန်းထဲဝယ် ပန်းကန်အပြည့် ထည့်ထားသော ဝက်သားသုပ်၊ ဝက်အူချောင်းများ ထိုင်စားနေသည်ကို တွေ့ရသဖြင့် ဒေါ်ခင်ဆင့်မှာ မျက်လုံးများ ပြာသွားလေသည်။

"အမယ်လေး ဘယ်လိုလုပ်တာလဲ သမီး။ တစ်အိမ်လုံးကို သတ်ဖို့ ကြံတာလား။ ဟဲ့... ဒါတွေ ဘယ်သူ ဝယ်ပေးတာလဲဟင်"

ထိတ်လန့်အံ့သြစွာ ရင်ပတ်စည်တီး ခေါ်ခင်ဆင့်က မြည်တွန်မေးမြန်းလိုက်၏။

"သမီးက ဘယ်သူ့မှ သတ်ဖို့ မကြံရပါကလား၊ မေမေ"

ဝက်အူချောင်းကို အတောင့်လိုက် အားရပါးရ ကိုက်စားရင်း မခင်စောက အေးဆေးသော လေသံဖြင့် ဖြေလိုက်၏။

mgyoe.com

mgyoe.com


"အရှင်နှစ်ပါး ဒီအိမ်ပေါ်မှာ စံမြန်းကတည်းက ဒါတွေ အိမ်ပေါ် မတင်ရဘူး။ ဘယ်သူမှ မစားရဘူးလို့ တင်းတင်းကျပ်ကျပ် ပြောထားရက်ကနဲ့ ဘယ်သူ သွားဝယ်ပေးတာလဲ။ ပြောစမ်း ပြောစမ်း"

ဒေါ်ခင်ဆင့်က ဒေါသကြီးစွာ မေးလိုက်၏။

"ဟို... မိန်းမလျာယောင်ဆောင် လူလိမ်ကို အမေ ပြုစုနေချိန်က သမီးကိုယ်တိုင် သွားဝယ်ခဲ့တာ"

မခင်စောက ဝက်အဆီ တစ်တုံးကို မိခင် မမြင်မြင်အောင် တမင်ကိုင်မြှောက် ကိုက်စားရင်းက ဖြေလိုက်၏။ အမှန်မှာ ထမင်းချက် ကိုပါကြီးကို ဝယ်ခိုင်းခြင်း ဖြစ်သည်။ သို့သော် အမှန်အတိုင်း ပြောလိုက်က ကိုပါကြီးသည် ဤအိမ်မှ စက္ကန့်မဆိုင်း ထွက်ရကာ ထမင်းငတ်ရှာတော့မည်ဖြစ်သဖြင့် မခင်စောက ကိုပါကြီး နာမည်ကို မြှုပ်ထားလိုက်ခြင်း ဖြစ်၏။

"သိပ်တော်တဲ့ သမီးပဲ။ မိဘကို စိတ်မချမ်းသာအောင် အမျိုးမျိုး ကန့်လန့်တိုက်နေတဲ့ မိန်းကလေး။ အခုနက နွယ်ကို ဒုက္ခပေးတဲ့ ကိစ္စလည်း ကိုယ်တော်လေးက ဒဏ်ခတ်မယ်ဆိုလို့ တောင်းပန်လိုက်ရတာ။ အခုတစ်မျိုး ထပ်လုပ်ပြန်ပြီ။ အရှင်နှစ်ပါးက ခွင့်မလွှတ်နိုင်အောင် မျက်တော်မူရင် ညည်း သက်သာမယ် ထင်သလားဟင်"

ဒေါ်ခင်ဆင့်က အံကြိတ်ပြီး မေးလိုက်၏။

"မေမေ့ မိန်းမလျာက လူလိမ်ကြီး မေမေရဲ့။ အခုနက..."

မခင်စော စုံစေ့အောင် ဖြေရှင်းခွင့် မရရှာပေ။ စားသောက်နေသော ဝက်သားပန်းကန်ကို ဒေါ်ခင်ဆင့်က စားပွဲစွန်းတစ်ဖက်ကို မကာ လျှောချခွဲပစ်ပြီ။ စားပွဲကို ပြန်ဆောင့်ချလိုက်ပြန်သဖြင့် မခင်စောမှာ စကား တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ ဒေါ်ခင်ဆင့်၏ အပြုအမူမှာ မမျှော်လင့်သော လျင်မြန်မှုမျိုးဖြစ်သဖြင့် မခင်စောမှာ ဝက်သားပန်း

mgyoe.com

mgyoe.com


ကန်ကို ယူလိုက်ရန်ပင် အချိန်မရတော့ပေ။ မခင်စော စကားပြောရန် လည်း ဒေါ်ခင်ဆံင့်က အချိန်မပေး။ စားပွဲကို ဆောင့်ချပြီးသည်နှင့် တစ်ပြိုင်နက်–

"ပါကြီး လာစမ်း။ ဒါတွေ အကုန်ပစ်။ ထမင်းစားခန်းရော စားပွဲရော ရေဆေး။ သမီး တော်တော်ခက်တဲ့ မိန်းကလေးပဲ။ နောက်ကို ဒီလို အပြောအဆို အပြုအမူတွေ တစ်ခုမှ မလုပ်ပါနဲ့။ မေမေ နောက်ဆုံး သတိပေးတယ်။ အခုလောက်ဆို အရှင်နှစ်ပါး သိရောပေါ့။ မဖြစ်ပါဘူး။ တောင်းပန်ဦးမှ တောင်းပန်ဦးမှ။ အင်း... ဒီသမီး တစ်ယောက်ကြောင့် ဒုက္ခတွေ့တော့မယ်"

ဟု ပေါက်ပေါက်ဖောက်သလို ဆက်တိုက်ပြောကာ အရှင်နှစ်ပါး စံမြန်းရာ နတ်ကွန်းခန်းမဆောင်သို့ ခပ်သုတ်သုတ် ထွက်ခွာသွားသည်တွင် ဝက်သားဖတ်တွေ၊ ပန်းကန်ကွဲတွေ ပြန့်ကျဲနေသော ထမင်းစားခန်းထဲဝယ် မခင်စောက ကုလားထိုင်ပေါ် ငုတ်တုတ်ထိုင်လျက်က လည်းကောင်း၊ ထမင်းချက် ကိုပါကြီးက အခန်းထောင့်တစ်ခုဝယ် မတ်တတ်ရပ်လျက်က လည်းကောင်း တစ်ယောက်မျက်နှာ တစ်ယောက် ခပ်ကြောင်ကြောင် ကြည့်ပြီး ကျန်ရစ်ကြလေသည်။ မခင်စောက မသိမသာ သက်ပြင်းရှူလိုက်၏။

"ငါ မသိလို့ တစ်ခု မေးပါရစေ မခင်စောရယ်"

ကိုပါကြီးက ဝက်သားဖတ်တွေ၊ ပန်းကန်ကွဲတွေကို တစ်ခုစီ ကောက်ကာ အမှိုက်ခြင်းထဲ ထည့်ရင်းက ပြောလိုက်၏။

"ဘာလဲ၊ ကိုပါကြီး"

မခင်စောက ကိုပါကြီးကို မကြည့်။ ထမင်းစားခန်း ပြတင်းပေါက်မှ လှမ်းမြင်နေရသော ကောင်းကင်မှ တိမ်တောင် တိမ်လိပ်တွေ တရွေ့ရွေ့ သွားနေသည်ကို အဓိပ္ပာယ်မရှိ ငေးကြည့်နေရာမှ မကြည်လင်သော အသံဖြင့် မေးလိုက်၏။

mgyoe.com

mgyoe.com


"အခုနက သူဌေးကတော် ပြောသွားတဲ့ နတ်တွေ ဆိုတာကို ကြားတော့ ကြားဖူးတယ်။ ခြေခြေမြစ်မြစ် ဘာမှမသိဘူး။ အဟုတ်ရှိလို့လား မခင်စော"

ကိုပါကြီး၏ မေးခွန်းကို မခင်စော စိတ်ဝင်စားလာသည်။ ကိုပါကြီးအား ရှင်းပြရမည့် စကားများမှာ မိဘနှစ်ပါးအား ပြောလိုသော စကား ဖြစ်သည်။ သို့သော် သူ့စကားကို မိဘများက လက်ခံနားထောင်ခြင်း မပြုပေ။ ဖခင် ဦးစောမောင် လက်မခံခြင်းက နတ်ကို ယုံကြည်လွန်း၍တော့ မဟုတ်၊ မယားကို ချစ်လှသဖြင့် မယား အငြိုအငြင်မခံဝံ့သဖြင့် လက်မခံခြင်း ဖြစ်သည်။ ဒေါ်ခင်ဆင့် လက်မခံခြင်းကား မိန်းမလျှာ၏ စကား နားဝင်ကာ နတ်ကို မျက်စိမှိတ် ယုံကြည်နေသောကြောင့် ဖြစ်သည်။

"လာ... ကိုပါကြီး၊ ဟောဒီ ကုလားထိုင်မှာ ထိုင်။ သေသေချာချာ နားထောင်ပြီး စဉ်းစားဝေဖန်ကြည့်။ ပြီးတော့မှ ကျွန်မပြောတဲ့ စကား လက်ခံနိုင်၊ မခံနိုင် အဖြေပေးရမယ်"

မခင်စောက စိတ်အားထက်သန်စွာ ပြောလိုက်၏။

"နေအုံး မခင်စော၊ ဒါတွေပြီးအောင် သိမ်းလိုက်ဦးမယ်။ တော်ကြာ သူဌေးကတော် ဝင်လာလို့ သိမ်းမပြီးသေးရင် မီးတောက်နေပါဦးမယ်ကွယ်"

ကိုပါကြီးက ပြောရင်း ဖျတ်လတ်လျင်မြန်စွာ သိမ်းဆည်းသုတ်သင် ရေဖတ်တိုက်နေသည်ကို မခင်စောက စိတ်ရှည်လက်ရှည် စောင့်နေသည်။ ပြီးစီးသောအခါ ကိုပါကြီးက ဆေးပေါ့လိပ်ကြီး တစ်လိပ် မီးညှိရှူဖွာကာ မခင်စောနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ရောက် ထိုင်လိုက်၏။

"ကဲ... ပြော၊ မခင်စော"

mgyoe.com

mgyoe.com


ကိုပါကြီးက စကားစလိုက်၏။

"ဟုတ်ကဲ့၊ သေသေချာချာ အဓိပ္ပာယ်ကို စဉ်းစားနားထောင်နော်။ ကိုပါကြီး အခု မေမေတို့ ယုံကြည်နေတဲ့ မင်းကြီး မင်းလေးဆိုတာ ၃၇ မင်းနတ်တွေလို့ နတ်ယုံကြည်သူများက အသိအမှတ်ပြုထားတဲ့ စာရင်းထဲ မှာပါတယ်"

"အော်... နတ်တွေက ၃၇ ပါးတောင်ရှိသကိုး"

စာပေပညာ ဗဟုသုတ ဟူ၍ ဘာတစ်ခုမှမရှိဘဲ တစ်ကိုယ်ရေ တစ်ကာယဘဝဖြင့် ငယ်စဉ်ကပင် ဦးစောမောင်တို့နှင့်အတူ နေကာ ထမင်းချက် တာဝန်ထမ်းဆောင်နေခဲ့ရသော ကိုပါကြီးက တအံ့တသြ ပြောလိုက်၏။ ဤလို မသိနားမလည် ရိုးသားသူများမှာ ပြောရဆိုရ သွန်သင်ရ လွယ်ကူသဖြင့် နတ်ကတော် အလိမ်မခံရအောင် ငါ သဘော ပေါက်အောင် ပြောမည်ဟု မခင်စော တအားတက်လာသည်။

"ဟုတ်တယ် ကိုပါကြီး။ နတ်က နှစ်မျိုးနှစ်စား ရှိတယ်။ သမာဒေဝနတ်နဲ့ မိစ္ဆာနတ်ပဲ။ သမာဒေဝနတ်ဆိုတာက သာသနာတော် တရားတော်ကို စောင့်တဲ့ နတ်တွေ၊ ကမ္ဘာကိုစောင့်တဲ့ နတ်တွေ၊ ဘုမ္မစိုး ရုက္ခစိုးတွေကို ခေါ်တယ်။ အဲဒီနတ်တွေက အရက်လည်း မသောက်ဘူး။ ကြက်သားကြော်လည်း မစားဘူး။ ဘယ်သူ့ကိုမှ ဘာမှမလုပ်၊ ဘယ်သူ့ မိန်းမကိုမှ ကြာမခိုဘူး။ နောက် မပိုးဘူး။ သူတော်ကောင်း နတ်တွေ။ နားလည်ရဲ့လား ကိုပါကြီး"

"အေးကွဲ့၊ ဆက်ပြောပါ"

ကိုပါကြီးက စိတ်ဝင်စားစွာ ပြောလိုက်၏။

"မိစ္ဆာနတ် ဆိုတာက အခု မေမေတို့ ယုံကြည်နေတဲ့ မင်းကလေးတို့ အပါအဝင် ၃၇ မင်းနတ်တွေကို ခေါ်တယ်"

"အော်... သူတို့ကို ဘာကြောင့် မိစ္ဆာနတ်လို့ ခေါ်တာလဲ"

mgyoe.com

mgyoe.com


"ပြောမယ်လေ ကိုပါကြီးရဲ့။ သူတို့တစ်တွေက လူ့ဘဝမှာ ကံကုန်နေ့စေ့ သွေးရိုးသားရိုး သက်သက်သာသာ သေခဲ့ကြရတာ မဟုတ်ဘူး။ တချို့ကလည်း သူများသတ်လို့၊ တချို့ကလည်း မင်းပြစ် မင်းဒဏ်ခံရလို့၊ တချို့ကလည်း အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြလို့ မသက်မသာ သေခဲ့ရတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီတော့ သေခါနီးမှာ များသောအားဖြင့် ငါ ခံရလေခြင်း ဆိုတဲ့ ဒေါသဂတိနဲ့ သေရတော့ လားရာဘဝ မကောင်းဘဲ အခိုက်အတန့်အားဖြင့် ပြိတ္တာဘုံမှာ ဖြစ်သွားတာတွေ များတယ်။ အပယ်လေးဘုံမှာ အကျုံးဝင်တဲ့ ပြိတ္တာဘုံဆိုတာ အခုလူတွေ ပြောနေကြတဲ့ တစ္ဆေ၊ သရဲ၊ သဘက်၊ ဥစ္စာစောင့် ဆိုတာတွေပေါ့။ ရှင်းရဲ့လား ကိုပါကြီး"

မခင်စောက စကားဖြတ်ပြီး ကိုပါကြီး သဘောပေါက် မပေါက် သိလိုသဖြင့် မေးလိုက်သည်။

"ဟာ... ဒါဖြင့် ၃၇ မင်းနတ်တွေဟာ အစိမ်းသေတွေမို့ ပြိတ္တာဘုံက အစိမ်းသရဲတွေပေါ့"

ကိုပါကြီးက အားပါးတရ ပြောလိုက်၏။

"အဲဒီသဘော သက်ရောက်တာပေါ့။ ဒီတော့ ဒီ ၃၇ မင်းနတ်လို့ အသိအမှတ်ပြုခဲ့သူတွေနဲ့ ရာဇဝင်ကို ပြန်ရှာကြည့်မယ်ဆိုရင် တချို့ကတော့ အတ္ထုပ္ပတ္တိ ခြေခြေမြစ်မြစ်နဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်ကျော်က၊ ရှစ်ရာကျော်က၊ ခြောက်ရာကျော်က အဖြစ်အပျက်တွေ တွေ့ရတယ်။ တချို့ကျတော့လည်း ခုနှစ်သက္ကရာဇ်လည်း ရှာမတွေ့၊ အကြောင်းအချက်လည်း ခြေခြေမြစ်မြစ် ခိုင်ခိုင်လုံလုံ ဘာမှမတွေ့ဘူး။ လူတွေက အယူသီးတဲ့စိတ်၊ စွဲလမ်းတဲ့စိတ်နဲ့ အသိအမှတ် ပြုနေကြတာကိုး။ အခိုက်အတန့်အားဖြင့် အယူလွဲပြီး အစိမ်းဖြစ်ခဲ့ကြရင်လည်း အခုလောက် နှစ်ပေါင်းကြာမှ ကျွတ်လွတ်ကုန်ကြရောပေါ့ ကိုပါကြီးရယ်။

mgyoe.com

mgyoe.com


၃၇ မင်း နတ်မစလို့ ဘယ်သူ သူဌေးကြီး ဖြစ်သွားတာ ကြားဖူးလဲ။ ဘယ်သူ အိမ်ပေါ် ရွှေအိုးကြီး ရောက်လာတယ်လို့ ကြားဖူးလဲ။ သူတို့ကို ပူဇော်ပသရတဲ့ အကျိုးက လူတွေ စိတ်ဓာတ် ပျော့ညံ့လာတယ်။ အား ထုတ်ကြိုးစားချင်တဲ့ လုံ့လ ဝီရိယ နည်းလာတယ်။ ထစ်ခနဲရှိ အရှင်ကြီး မစပါလို့ချည်း အားကိုးနေကြတော့တာကိုး။ အရှင်ကြီးတွေက မစတာ တော့ မတွေ့ဖူးဘူး။ အရှင်ကြီးတွေ ပူဇော်ပသတာနဲ့ နတ်ကတော်တွေ က ညာစားပြီး မွဲသွားတာတွေချည်း တွေ့ဖူးတာပဲ"

မခင်စောက စကားရပ်လိုက်သည့်အခိုက် ကိုပါကြီးက ခပ်အုပ်အုပ် ရယ်လိုက်၏။ မခင်စောက စကားဆက်လိုက်ပြန်သည်။

"ကိုပါကြီး၊ စဉ်းစားကြည့်စမ်းပါ။ ဒီ ၃၇ မင်းနတ်ကို ကိုးကွယ်ပြီဟေ့ဆိုရင်ပဲ နတ်ထိန်းတွေ၊ နတ်ကတော်တွေ၊ နတ်ဒိုးတီးသူတွေနဲ့ ဆက်သွယ်ရပြီ။ အရက်၊ အဖိုးတန် ကြက်သားကောင်လုံးကြော်၊ ဖောင်းတော်အသစ်၊ ဝတ်လဲတော် အသစ်၊ ရေစင်ဖိုး၊ ငှက်ပျောပွဲအုန်းပွဲ ဆိုတာ တွေကို နတ်ထိန်းကတော်တွေ ပြောသမျှ ငွေကုန်ခံ စီမံရတယ်။ ဒီ ပစ္စည်းတွေ ဘာလုပ်သလဲ၊ နတ်ဆိုင်းတီးသူတွေ၊ နတ်ကတော်တွေ၊ နတ်ထိန်းတွေ ယူတာပဲ မဟုတ်လား။ သူတို့စားကြ သောက်ကြ၊ ဝတ်ကြတယ်။ ပိုလျှံရင် ရောင်းစားတယ်။ အခုအိမ်မှာ မေမေ လုပ်နေ တာတွေ ကိုပါကြီးလည်း မျက်စိနဲ့အမြင်၊ ကျွန်မလည်း မျက်စိနဲ့ အမြင် ပဲ။ ဘယ်နတ်ကမှ ကြွလည်း မလာဘူး။ ဘာအခွင့်အရေးမှလည်း မတောင်းဘူး။ နတ်ကတော်၊ နတ်ထိန်း၊ နတ်ဒိုးတီးသမားတွေ ညာစား နေကြတာ"

မခင်စောက ခံပြင်းဟန်ဖြင့် ဒေါမာန်ပါပါ ပြောပြီး မောသွားသလို ခေတ္တရပ်နားလိုက်သည်။ မခင်စော၏ စိတ်ထဲတွင် စိန်ဘယက်ကြီး ကိစ္စ ပေါ်လာသလို နံနက်ပိုင်းက အောင်မယ်လေးဗျာဟု အော်လိုက်

mgyoe.com

mgyoe.com


သော တင်တင်နွယ်၏ ယောကျ်ားသံ ပီပီသသကြီးကို ကြားယောင်လာ၏။ မိန်းမလျှာ ဟန်ဆောင်နေသော ယောကျ်ားအစစ် တစ်ယောက်မို့ မေမေနဲ့ ပွန်းပွန်းတီးတီးနေရာက မတော်တဆများ... မခင်စော ဆက်မတွေးရဲတော့ချေ။ စကားဖြတ်ကာ ငေးနေမိလေသည်။

"ဗဟုသုတရှိလိုက်တာ မခင်စောရယ်။ ဒါနဲ့ နေပါဦးကွဲ့။ မရှင်းတာ တစ်ခု ရှိသေးတယ်။ အခု အိမ်မှာ ဝက်သားမစားရဘူး ဆိုတာက ဘာဖြစ်လို့လဲ"

ကိုပါကြီး၏ အမေးကြောင့် ငေးနေသော မခင်စောက ဖြေရှင်းလိုက်ရပြန်၏။

"ရာဇဝင် အဆိုအရ ဒီမင်းညီနောင်ရဲ့ အဖေက မူဆလင် ကုလားဖြစ်လို့တဲ့ ဦးလေးရေ"

မခင်စောက မနှစ်မြို့သော အသံဖြင့် ဖြေရှင်းလိုက်၏။

"တောက်... ရှုပ်ပါ့ကွာ။ ဗုဒ္ဓဘာသာ ဗမာလူမျိုးဖြစ်ရက်နဲ့။ အေး... စားတော့ ဘာဖြစ်မှာတဲ့လဲ "

ကိုပါကြီးက တိုးတိတ်စွာ မေးလိုက်၏။

"ဘာဖြစ်ရမှာလဲ ကိုပါကြီးရဲ့။ ဘာမှမဖြစ်ဘူး။ ကျွန်မ ကျောင်းသွား သူငယ်ချင်းတွေ အိမ်သွားရင် ခေါက်ဆွဲ၊ ဝက်သားသုပ်၊ ဝက်အူချောင်း၊ ဝက်သားပေါင်း အမြဲ စားနေတာ ကျွန်မ ဘာဖြစ်လို့လဲ။ ဒီနေ့လည်း မေမေ့ အရွဲ့တိုက်ချင်လို့ တမင်ပြောင်ပြောင် အိမ်ပေါ်တင်စားပြတာပဲ။ အခု ဘာဖြစ်သလဲ။ ကိုပါကြီးနဲ့ ထိုင်စကားပြောနေတယ် မဟုတ်လား။ ဒီမှာ ကိုပါကြီး လောကမှာ အနန္တော အနန္တ ငါးပါးလောက် တန်ခိုးတော်၊ ဂုဏ်တော်၊ ကျေးဇူးတော်နဲ့ ပြည့်စုံတာ မရှိပါဘူး။ အနန္တော အနန္တငါးပါး ဦးထိပ်ထားပြီး ယုံကြည်ဆည်းကပ်သူ၊ စိတ်ကောင်း စေတနာကောင်းထားသူအဖို့ ဘယ် ၃၇ မင်းနတ်မှ

mgyoe.com

mgyoe.com


ကြောက်နေစရာ မလိုပါဘူး။ ကြောက်နေရအောင်ကလည်း အခုနက ကျွန်မ ပြောခဲ့သလို သူတို့လည်း အမှန်တကယ် ရှိတာမှ မဟုတ်ဘဲ"

ကိုပါကြီးက မီးသေနေပြီဖြစ်သော ဆေးပေါ့လိပ်ကို မီးညှိလိုက်ပြီး မခင်စောဘက်သို့ ကိုယ်ကို ကိုင်းညွတ်ကာ တိုးတိတ်ညင်သာစွာ ပြောလိုက်၏။

"မခင်စော ပြောတာ မှန်တယ်။ ငါလည်း ဝက်သား အလွန်ကြိုက်တာ။ မင်းညီနောင် နတ်ကွန်းစလုပ်တဲ့နေ့က သူဌေးကတော် အိမ်မှာ ဝယ်ထားပြီးဖြစ်နေတဲ့ ဝက်အူချောင်းတွေ၊ ဝက်သားဘူးတွေ၊ ဝက်ပေါင်ခြောက်တွေကို ဝေးဝေးမှာ သွားပစ်ခိုင်းတယ်။ ငါ မပစ်ဘူးကွဲ့။ ဝှက်ထားပြီး တဖြည်းဖြည်း စားနေခဲ့တာ ကုန်တာ မကြာသေးဘူး။ အခု ငါလည်း ဘာမှမဖြစ်ဘူးနော်"

ကိုပါကြီး၏ စကားကြောင့် မခင်စောသည် စိတ်မကြည်လင်သည့်အထဲက ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။ ကိုပါကြီးက စကားဆက်လိုက်ချေသေး၏။

"အခုနက သူဌေးကတော် ပြောသွားတယ် မခင်စော။ ဝက်သားစားတာ အခုလောက်ရှိ အရှင်နှစ်ပါး သိရောပေါ့တဲ့။ မသိသေးလို့ ထင်တယ်ဟေ့။ တို့တူအရီး ဘာမှမဖြစ်သေးဘူးကွဲ့။ ကြာပဲ ကြာလှပေါ့"

"အလကားပါ ကိုပါကြီးရယ်။ ကြိုက်တတ်ရင် စားသာစား။ ကိုပါ ကြီးတို့ ကျွန်မတို့က ဘုရားလူတွေပဲ"

မခင်စောက ပြောရင်း ထိုင်ရာမှ ထလိုက်၏။

"အေး... မခင်စော အယူအဆ မှန်တယ်။ ကဲ... ငါလည်း မီးဖိုချောင် ဝင်ချိန်တန်ပြီဟေ့"

ဟု ပြောပြောဆိုဆို ထမင်းစားခန်းမှ လှည့်ထွက်သွားသော ကိုပါ ကြီးကို မခင်စောက ကြည့်လိုက်ရင်း–

mgyoe.com

mgyoe.com


'ဘာမှမသိနားမလည် ပညာဗဟုသုတ မရှိတဲ့ ကိုပါကြီးလို အတန်းအစားက လူတွေက ဆိုလွယ်၊ နာလွယ်၊ သဘောပေါက်လွယ် လှပါကလား။ မေမေတို့လို ပညာစကောစကဗဟုသုတ တစ်ပိုင်းတစ်စ နဲ့ ပစ္စည်း အသင့်အတင့်ရှိသူ လူလတ်တန်းစားတွေ၊ အထက်တန်းစား တွေဟာ ပြောရဆိုရ တော်တော် ခေါင်းမာခက်ခဲတဲ့ လူတန်းစားမျိုးပဲ' ဟု တွေးလိုက်မိ၏။

* * *

အချိန်မှာ ညသန်းခေါင်တိုင်ပြီ ဖြစ်၏။ တစ်အိမ်လုံးမှာ ဦးစော မောင်၏ ကျယ်လောင်သော ဟောက်သံမှအပ တိတ်ဆိတ်ငြိမ်သက်နေ သည်။ အတွေးနယ်ကျွံနေသော မခင်စောသည် အိပ်မပျော်နိုင်ဘဲ မျက် လုံး ကြောင်နေသည်။ တင်တင်နွယ် အိမ်ပေါ်မှာရှိနေခြင်း၊ နတ်ရုပ်၊ ကျားရုပ်၊ ကန်တော့ပွဲတွေ အိမ်ပေါ်မှာရှိနေခြင်းသည် မခင်စော၏ ခေါင်းပေါ်တွင် အချိန်တစ်ရာမကသော ဝန်ထုပ်ကြီး ဖိစီးထားသကဲ့သို့ ပေါ့ပါးရွှင်လန်းမှုကင်းမဲ့နေရာမှာ တင်တင်နွယ်သည် မိန်းမလျာ ဟန် ဆောင်ကောင်းလှသော ယောကျ်ား အစစ်အမှန် တစ်ယောက် ဖြစ် ကြောင်း ထပ်လောင်းသိရသောအခါဝယ် မိခင်အတွက် စိုးရိမ်ပူပန်မှုက ထပ်ဆင့်လာပြန်သည်။ အကြောင်းအကျိုး ဆက်စပ်တွေးတောလိုက် သောအခါ မယားကို မျက်စိမှိတ် ချစ်နေသော ဖခင်၏ ချို့ယွင်းမှု ပျော့ညံ့မှုတွေကို မချိတင်ကဲ ဖြစ်လာလေသည်။ အချိန်မလွန်မီ ဖခင် အား သတိပေး ဖျောင်းဖျရလျှင် ဖြစ်နိုင်ပါမည်လားဟု တွေးမိ၏။ သို့သော် မခင်စောနှင့် ဦးစောမောင်မှာ တစ်ယောက်က ကျောင်းသမား၊ တစ်ယောက်က အလုပ်သမားဖြစ်၍ အေးအေးဆေးဆေး စကားပြော ချိန် မရနိုင်အောင် ဖြစ်နေသည်။ ကျောင်းပိတ်ရက် ကျောင်းအားချိန်မှာ

mgyoe.com

mgyoe.com


လည်း ဦးစောမောင်မှာ သူ့အလုပ်နှင့် အပြင်ထွက်နေရသည်က များသည်။ အိမ်မှာရှိသည့်အချိန်ကလေးမှာလည်း ဒွေ့သည်က ပြတ်သည်ဟူ၍ မရှိ။ဒွေ့သည်ပြတ်သည့်အချိန်မှာလည်း ဦးစောမောင်သည် ချစ်ဇနီး အနားမှ မခွာချေ။

မည်သို့ပင်ဖြစ်စေ မိခင်အား ဘယ်လိုမှပြောရမည် မဟုတ်ဟု အတပ်သိနေသော မခင်စောက ဖခင်အလုပ်ရှိရာ စက်ထဲသို့ လိုက်သွားပြီး ပြောတော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်၏။

ထိုအခိုက် ခပ်ဖော့ဖော့ နင်းသွားသော ခြေသံကို မခင်စောအသေအချာ ကြားလိုက်ရသည်။ မသင်္ကာသော စိတ်ဖြင့် မခင်စောသည် အိပ်ရာမှ ညင်သာစွာထကာ အခန်းတံခါးကို အသံမမြည်အောင်သတိထားဖွင့် ပြီး အပြင်ဘက်သို့ ချောင်းကြည့်လိုက်၏။ တစ်အိမ်လုံးမီးများ မှိတ်ထား သော်လည်း ကြည်လင်စွာသာနေသော လရောင်သည်မှန်ပြတင်းပေါက်များမှ တိုးဝင်နေသည်ဖြစ်ရာ အိမ်ထဲတွင် အတော်အသင့် အလင်းရောင် ရနေ၏။

တင်တင်နွယ်၏ အိပ်ခန်းဆီသို့ ကြောင်တစ်ကောင်လို ညင်သာစွာ လှမ်းသွားနေသူသည် မိခင် ဒေါ်ခင်ဆင့်ပါတကား ဟူသော အသိသည် မခင်စော၏ ဦးခေါင်းကို မိုက်ခနဲ ဖြစ်သွားစေသည်။ တံခါးပေါင်ကို မှီကာ စိတ်ဆင်းရဲစွာ ငေးကြည့်နေမိ၏။ ဒေါ်ခင်ဆင့်ကားတင်တင်နွယ်၏ အခန်းတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေပြီ။ မခင်စောသည် လိုက်ကြည့်ရကောင်း၊ မကောင်း ချီတုံချတုံ ဖြစ်နေရာမှစိတ်ကို တင်းကာ အစအဆုံး သိရလျှင် ကောင်းမည် ဟူသော ဆုံးဖြတ်ချက်ဖြင့် တင်တင်နွယ်၏ အခန်းဆီသို့ ချွတ်နင်းလာခဲ့သည်။ တံခါးကား စေ့ထား၏။ မခင်စောသည် တံခါးကြားတည့်တည့်ကို နားကပ်ကာ အာရုံစိုက်လိုက်သည်။ ပထမသော် သဲသဲကွဲကွဲ မကြားရ။ အတန်

mgyoe.com

mgyoe.com


ငယ် ကြာ၍ ကျင့်သားရလာသောအခါမှ စကားလုံးများကို သဲကွဲစွာ ဖမ်းမိလာ၏။ မခင်စောရဲ၏ ရင်တွင်း အသည်းနှလုံးများမှာ ပြုတ်ကြွေလုမျှ ဖြစ်သွားရှာသည်။

ငါ နားကြားလွဲတာ ဖြစ်ပါစေတော့ဟု ဆုတောင်းရင်း တံခါးကြားမှာ ကပ်ထားသော နားကို ခွာပြီး မျက်စိကို တစ်လှည့် ကပ်လိုက်၏။ မှန်ပြတင်းမှ ထိုးဝင်လာသော လရောင်ဖြင့် အခန်းတွင်းဝယ် ချစ်လို့ငယ် မကုန်၊ ဝသုန်ဤမြေသိကြားစေ သက်သေညွှန်းနေသော မိခင် ဒေါ်ခင်ဆင့်နှင့် တင်တင်နွယ်ကို သဲကွဲစွာ မြင်လိုက်ရသော မခင်စောသည် လဲကျမသွားအောင် မနည်း အားတင်းလိုက်ရသည်။ မေမေ့ဘဝတော့ ရေစုန်မျောပါပေါ့လား။ သမီးပျိုလေး မျက်နှာမှ မထောက်လုပ်ရက်လေခြင်း မေမေရယ်ဟု မခင်စောသည် ယူကျုံးမရစွာ တွေးလိုက်၏။ ဖခင်အား ကြိုတင်သတိပေးမည်ဟု စီစဉ်ထားချက်သည် နောက်ကျသွားလေပြီ။ မြင်ရကြားရသမျှကို ဖခင်ဖြစ်သူအား တိုက်ရိုက်ပြော၍ မဖြစ်နိုင်ပေ။ ဇနီးအား ငုံထားမတတ် ချစ်သော ဦးစောမောင်သည် စိတ်ကို မထိန်းနိုင်အောင် ဖြစ်သွားလျှင် လူသူလေးပါး ကြား၍ မလျော်သောအဖြစ်သည် ဘွင်းဘွင်းကြီး ပေါ်ချေတော့မည်။

မခင်စောသည် စိတ်ဆင်းရဲလှစွာဖြင့် မည်သို့ စီမံရပါမည်နည်းဟု အကြံထုတ်နေမိသည်။ နောက်ဆုံး၌ ဤအဖြစ်ကို ဖခင်အား အသိမပေးဘဲ တင်တင်နွယ်ကို အိမ်ပေါ်မှာ မထားအောင် ဖခင်အား တစ်နည်းနည်းဖြင့် လှည့်ပြောမည်။ မိခင်ကိုကား တိုးတိုးတိတ်တိတ် ပြောဆို တောင်းပန်မည်။ ဆူဆူညံညံလုပ်၍ မဖြစ်ဟု သဘောပေါက်လာသည်။ ကိုယ့်အတွေးနှင့်ကိုယ် မှေ့မောနေရာမှ ဤအခန်းဝတွင် ကြာရှည်နေ၍ မသင့်တော်ကြောင်း စဉ်းစားမိလာသဖြင့် ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည့် အခိုက်ဝယ်–

mgyoe.com

mgyoe.com


"မမဆင့် တစ်ကိုယ်လုံး ပုံအပ်ပြီးနေမှ ရှိသမျှ ပစ္စည်း မောင့်ပစ္စည်းပေါ့။ မောင်လိုချင်တာအားလုံး မမဆင့် ပေးမယ်"

ဟု မက်မောတွယ်တာစွာ ပြောလိုက်သော ဒေါ်ခင်ဆင့်၏ အသံကို ကြားလိုက်ရ၏။ လူတွင်မက ပစ္စည်းပါကြွံသော လူလိမ်လက်ထဲ အားလုံး ရောက်တော့မှာပါလား။ မဖြစ်ဘူး မဖြစ်ဘူး၊ ငါလက်ဦးအောင် ကြံမှ သက်သာမယ်ဟု မခင်စောသည် တွေးရင်း မိဘများ အိပ်ခန်းဆီသို့ လျင်မြန်စွာ ထွက်လာခဲ့၏။ ထမင်းစား စားပွဲပေါ်မှ လက်သုတ်ပဝါကြီး တစ်ထည်ကိုလည်း ဆွဲယူလာခဲ့၏။ စိန်ရွှေ လက်ဝတ်လက်စား ငွေသား အတွင်းပစ္စည်းအားလုံးမှာ ဦးစောမောင်၊ ဒေါ်ခင်ဆင့် အိပ်ခန်း အုတ်နံရံတွင် သွင်းမြှုပ်ထားသည့် မီးအာမခံ သံမဏိတံခါး တပ်ထားသော မတ်ရပ်ဗီရိုကြီးအတွင်းမှာ သံမဏိ သေတ္တာငယ်ကလေးများဖြင့် ထားသည်။ ဗီရိုသော့ကိုကား အိပ်သည့်အချိန် ခေါင်းအုံးအောက်မှာ ထားသည်ကလွဲ၍ ဒေါ်ခင်ဆင့်၏ ဘော်လီအိတ်တွင်းမှ မည်သည့်အခါမျှ မထုတ်ချေ။

ဦးစောမောင်သည် သစ်တုံးတစ်တုံးလို မလှုပ်မရှက် ဟောက်သံမှန်မှန်ဖြင့် အိပ်မောကျနေသည်။ မခင်စော သော့ကို အသာအယာ နှိုက်ယူကာ ဗီရိုကို ဖွင့်သည်။ ရွှေထည် လက်ဝတ်လက်စားများထားသော သေတ္တာငယ်ကို မဖွင့်ဘဲ တစ်ခါတစ်ရံမှသာ ဝတ်လေ့ရှိသဖြင့် သိုးသန့်ထားသော သံသေတ္တာအတွင်းမှာရှိနေသော စိန်တစ်ဆင်စာ၊ ပတ္တမြား တစ်ဆင်စာနှင့် ရွှေဒင်္ဂါးအပြားငါးဆယ်ကို လည်းကောင်း၊ အထပ်လိုက် ရှိနေသော ငွေစက္ကူများအနက်မှ တစ်ဝက်ကျော်ကျော်မျှကို လည်းကောင်း နှိုက်ယူကာ လက်သုတ်ပဝါအတွင်း ထည့်ထုပ်လိုက်သည်။ ဗီရိုကို ခြေရာလက်ရာမပျက် ပြန်ပိတ်လိုက်သည်။ သော့ကို နေရာပြောင်းထားလိုက်သည်။ သူ့အခန်းသို့ လျင်မြန်စွာ ပြန်လာကာ

mgyoe.com

mgyoe.com



တံခါးကို ချက်ထိုး၊ ပိတ်လိုက်သည်။ ဤအလုပ်များအားလုံး ရှစ်မိနစ်ခန့်အတွင်း ပြီးစီးသွားလေသည်။

မခင်စောသည် ပစ္စည်းထုပ်ကို ခိုင်ခံ့သော လွယ်အိတ်တစ်လုံးအတွင်း ထည့်ကာ သေချာစွာ ချည်နှောင် ထုပ်ပိုးပြီး ဒေါ်ခင်ဆင့် ရှာ၍ မည်သို့မျှ မတွေ့နိုင်သောနေရာဝယ် သိုသိပ်စွာ ဝှက်လျှိုထားလိုက်လေတော့၏။

* * *

နောက်တစ်နေ့တွင် မခင်စောသည် ကျောင်းမတက်ဘဲ ခွင့်တိုင်စာရေးကာ ဦးပါကြီးအား အပေးခိုင်းလိုက်ပြီး ဖခင်ရှိရာ စက်ထဲသို့လိုက်သွားလေသည်။ ကံအားလျော်စွာ ဖခင်၏ အလုပ်ခန်းအတွင်းဝယ် ဧည့်သည် တစ်ယောက်မျှ မရှိ။ လူရှင်းနေသည်။

"ဟဲ့... ဘာကိစ္စများလဲ၊ သမီးရဲ့"

စာရင်းတစ်ခုကို စစ်ဆေးကြည့်နေသော ဦးစောမောင်က မျက်နှာညှိုးညှိုးနှင့် ဝင်လာသော သမီးအား အံ့အားသင့်စွာ မေးလိုက်၏။ မခင်စောသည် ဖခင်နှင့် အနီးကပ်ဆုံး ကုလားထိုင် တစ်လုံးမှာ ထိုင်ပြီး စကားစလိုက်၏။

"ဖေဖေ ဒီတစ်ခါတော့ သမီးကို ချစ်ရင်၊ သနားရင် သမီးစကားနားထောင်ပါ ဖေဖေရယ်။ ဒီမိန်းမလျှာ ယောင်ဆောင်နေတဲ့ လူလိမ်ကို အိမ်ပေါ်မှာ ဘယ်နည်းနဲ့မှ မထားပါနဲ့နော်"

"ဒီမိန်းမလျှာ လူလိမ်ဖြစ်မှန်း သမီး ဘယ်လိုသိလဲကွဲ့။ သူက ဘယ်လို လိမ်နေသလဲ "

မယားလုပ်သမျှ အဟုတ်ကြီး ထင်နေသော ဦးစောမောင်က ပေါ့ပေါ့ဆဆ ပြန်မေးလိုက်၏။

mgyoe.com

mgyoe.com


"သူ မိန်းမလျှာ မဟုတ်ဖူး ဖေဖေ။ ယောကျ်ားအစစ်။ အသံကို ဖျက်ပြီး ဟန်ဆောင်နေတာ။ ဟိုနေ့က သမီး သေသေချာချာ သိရအောင် သရဲယောင်ဆောင်ပြီး ခြောက်တော့ လန့်ပြီး အော်လိုက်တဲ့ သူ့အသံဟာ နဂိုယောကျ်ားသံ။ မင်းကလေးပူးတယ်ဆိုတဲ့အချိန်မှာ မင်းကလေး အသံ ဆိုပြီး ပြောနေတဲ့ အသံအတိုင်းပဲ ဖေဖေ။ တကယ် မိန်းမစိတ်ဝင် နေတဲ့ မိန်းမလျှာအစစ်ဆိုရင် အရေးမကြီးဘူး။ ဟန်ဆောင်နေတဲ့ ယောကျ်ား အစစ် တစ်ယောက် ဖြစ်နေတော့ ကြာရှည်နေရင် မေမေ့အဖို့လည်း မကောင်း၊ သမီးအဖို့လည်း မကောင်းဘူး။ တစ်နေ့ကျရင် လူရော ပစ္စည်းရော နစ်နာပျက်စီးအောင် မကြံဘူးလို့ ပြောနိုင်မလား ဖေဖေ"

မခင်စော၏ စကားကို ဦးစောမောင်က တွေပြီး စဉ်းစားနေ သည်။ ယခင်အခါများက မခင်စော ပြောမည်ဟု စကားစလိုက်လျှင် ဦးစော မောင်သည် အစအဆုံး နားထောင်ခြင်း မရှိခဲ့။ ယခု တစ်ကြိမ်မှာ ကား စဉ်းစားဉာဏ်ဝင်လာဟန် တူသည်။ မခင်စော တအားတက် လာ၏။ ထို့ကြောင့် စကားဆက်လိုက်ပြန်သည်။

"အခု ဖြစ်နေတာတွေ ဖေဖေလည်း အသိသားပဲ။ နတ်ပွဲ တခြိမ့် ခြိမ့် ကနေလို့ ကုန်လိုက်တဲ့ ငွေတွေ။ လောကီလောကုတ္တရာမှာ ဘာမှ အကျိုးမရှိ၊ အရာမထင်ဘဲ လူလိမ်တွေ ညာစားလို့ ငွေကုန်တဲ့အပြင် မေမေလုပ်သမျှ ငုတ်တုတ်ခံနေတဲ့ ဖေဖေအဖို့ ရှက်စရာလည်း ကောင်း ပါတယ်။ ဂုဏ်နဲ့သိက္ခာနဲ့ သမီးပျိုကလေးနဲ့ ဣန္ဒြေရှိရှိ ရှင်းရှင်းနေရမယ့် အိမ်မှာ နတ်ထိန်းတွေ၊ နတ်ကတော်တွေ၊ နတ်ဆိုင်းတီးသမားတွေ ထွက်ချည်ဝင်ချည်နဲ့ ခြေရှုပ်နေတဲ့ လူစုထဲမှာ လူဆိုးသူဆိုး မပါဘူးလို့ ဖေဖေ ပြောနိုင်မလား။ နောက်ပြီး ဖေဖေအလွန်ချစ်တဲ့ မေမေဟာ ရပ် ရည်ရော အရွယ်ရော ငယ်ရွယ်နုပျိုပါသေးတယ်။ နတ်ဆိုင်းတီး မား တွေနဲ့ မိန်းမ လျှာယောင်ဆောင် လူလိမ်နဲ့ ရင်းရင်းနှီးနှီး ရောရောဝင်ဝင်

mgyoe.com

mgyoe.com


နေနေတာ ဘယ်လိုမှ ကြည့်လို့ မသင့်တော်ပါဘူး။ မိုးမပြိုဘူး ပြိုခဲ့သော် ဆိုတာလို တစ်နေ့မှာ ဖေဖေ့အဖို့ စိတ်ဆင်းရဲမှု ကြုံလာမယ်ဆိုရင် ဘယ်လိုလုပ်မလဲ ဖေဖေ"

အရှိက်ကို ထိအောင် ပစ်လိုက်သော သမီး၏ စကားကြောင့် ဦးစောမောင် လှုပ်ရှားလာသည်။

"အေး... ဒါတော့ ဟုတ်တယ် သမီး။ အခု ဖေဖေ အိမ်ပြန်ပြီး မိန်းမလျာကို နှင်ချမယ်"

ဦးစောမောင်က ပြောရင်း ထိုင်ရာမှ ထလိုက်၏။ သို့သော် မိခင် ဒေါ်ခင်ဆင့်၏ အခြေအနေ ဘယ်ထိအောင် ရောက်နေပြီကို သိပြီး ဖြစ်နေသော မခင်စောက ဤသို့ ရှုးရှုးဒိုင်းဒိုင်း လုပ်လျှင် အိမ်ထောင်သက် တစ်လျှောက်လုံး အပေါ်စီးကနေလာသော ဒေါ်ခင်ဆင့်သည် တင်တင်နွယ် ဇောကလည်း ကပ်ထားသဖြင့် ဦးစောမောင်၏ စီမံမှုကို ဘယ်နည်းနှင့်မှ နာခံမည် မဟုတ်။ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပေမည် ဟု မခင်စောက တွေးမိ၏။

"နေပါဦး၊ ဖေဖေ ထိုင်ပါဦး။ သမီး အကြံပေးပါရစေဦး"

ဖခင်၏ လက်မောင်းကို ဆွဲကာ မခင်စောက တောင်းပန်လိုက်၏။ ဦးစောမောင်က ပြန်ထိုင်လိုက်သည်။

"အင်း... ပြောပါဦး၊ သမီး"

ယခုမှ ဖြစ်ပေါ်လာမည့် အခြေအနေကို စဉ်းစားမိသော ဦးစောမောင်၏ ရင်ထဲဝယ် စိုးရိမ်စိတ်က မိုးနေသည်။

"ဖေဖေက တစ်လျှောက်လုံး အလျှော့ပေးလာခဲ့တယ် မဟုတ်လား။ အိမ်ပေါ်မှာ နတ်ကွန်းတင်မယ်ဆိုတုန်းက သမီး သတိပေးခဲ့သေးတယ်။ အဲဒီတုန်းက ဖေဖေ အလျှော့ပေးလာခဲ့ပြီး အခုမှ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ နှင်ချရင် မေမေက ဘယ်နည်းနဲ့မှ နာခံမှာ မဟုတ်ဘူး။ အေးအေးသက်သာ စီစဉ်ပါ ဖေဖေ"

mgyoe.com

mgyoe.com


"ဘယ်လိုစီစဉ်မလဲ သမီး"

မယားကို မျက်စိမှိတ် ချစ်သော မယားထိ ဓားကြည့် ဟူသော လူစားမျိုး ဦးစောမောင်က သမီးထံ အကြံဉာဏ် တောင်းလိုက်၏။

"ရန်ကုန်မှာ မေမေ့ ညီမရင်း တစ်ယောက်လုံး ရှိနေတာပဲ။ ဖေဖေက ဒီက တယ်လီဖုန်းနဲ့ အကျိုးအကြောင်း အသင့်အတင့် ပြော လိုက်ပေါ့။ ၎မေမေ့ကို အကြောင်းတစ်ခုပြပြီး ရန်ကုန်ကို ချော့လွှတ် လိုက်။ မေမေသွားမှ အိမ်ပေါ်မှာရှိတဲ့ နတ်ကတော်တွေ၊ နတ်ကွန်းတွေ ဖေဖေနဲ့ သမီး ကြည့်ရှင်းမယ်။ မကောင်းဘူးလား ဖေဖေ"

ဦးစောမောင်၏ မျက်နှာ ကြည်လင်သွားသည်။

"အေး.... ကောင်းတယ် သမီး။ ဖေဖေလည်း အခုမှ သတိရ တယ်။ ဟုတ်ပြီ။ ဒီအတိုင်း လုပ်မယ်ဟေ့"

ဦးစောမောင်က အားပါးတရ ပြောလိုက်၏။ မခင်စောက ဖခင် မျက်နှာသို့ အတန်ငယ် စိုက်ကြည့်လိုက်ပြီး–

"တကယ်လုပ်နော် ဖေဖေ။ တော်ကြာ မေမေ့ရှေ့ရောက်ရင် တစ် ချက် ငေါက်လိုက်တာနဲ့ ကြောက်ပြီး ဘာမှမပြောရဲဘဲနေရင် သမီး ဖေဖေတို့နဲ့ မနေတော့ဘူး။ တကယ့်ကို ဒီအိမ်က ထွက်သွားမှာ ဖေဖေ"

မခင်စောက လှိုက်လှဲသော အသံဖြင့် ပြောလိုက်၏။ ဦးစော မောင်က ရှက်ဟန်ဖြင့် ရယ်ပြီး–

"စိတ်ချပါ သမီးရယ်"

ဟု ကတိပေးလိုက်၏။

"သမီးပြန်မယ် ဖေဖေ "

"အေး... အေး.."

* * *

mgyoe.com

mgyoe.com


ဦးစောမောင်သည် စက်ထဲမှ ခါတိုင်းအချိန်မဟုတ်ဘဲ စောစော ပင် ပြန်လာသည်။ အိပ်ခန်းထဲဝယ် ဒေါ်ခင်ဆင့် တစ်ယောက် အိပ်ရာ တစ်ခုလုံး မွှေနှောက်ကာ စိတ်တိုနေသည်ကို တွေ့ရ၏။

"ဘာဖြစ်လို့လဲ အဆင့်"

ဦးစောမောင်က ပြန့်ကျဲပွလျောင်းနေသော အိပ်ရာနှင့် ဒေါ်ခင် ဆင့်ကို တစ်လှည့်စီ ကြည့်ကာ နားမလည်သော မျက်နှာဖြင့် မေးလိုက် သည်။

"သော့ပျောက်နေလို့ အစ်ကိုကြီး။ ဟောဟို ပစ္စည်းဗီရိုဖွင့်တဲ့သော့"

ဒေါ်ခင်ဆင့်က မွေ့ရာကြီးကို ဆွဲဆောင့်ခါရင်း ဖြေလိုက်၏။

"ငွေယူမလို့လား အဆင့်။ ပင်ပန်းပါတယ်ကွာ။ နောက်မှ အေး အေး ရှာပါ။ အထားမှားလို့ ဖြစ်မှာပေါ့။ အခု လောလောဆယ် ငွေလို ရင် အစ်ကိုကြီး အိတ်ထဲမှာ ဆန်အိတ်ဖိုး လာချေထားတဲ့ ငွေငါးရာ ကျော် ရှိတယ်။ ယူမလား"

မခင်စောနှင့် ဒေါ်ခင်ဆင့်တို့ သားအမိ၏ အကြောင်းရင်းကို မသိ ရှာသော ဦးစောမောင်က စေတနာဖြင့် ပြောလိုက်၏။

"လောလောဆယ် လိုတာက ငွေမဟုတ်ဘူး အစ်ကိုကြီးရေ။ စိန်ရှပ်ကြယ်သီးနဲ့ စိန်လက်စွပ် ယူမလို့"

ဒေါ်ခင်ဆင့်က အိပ်ရာခင်းကို ဗလုံးဗထွေး ခါရင်းက ပြောလိုက် ၏။ ဦးစောမောင်က အံ့အားသင့်သွားသည်။

"ဘာ... စိန်ရှပ်ကြယ်သီးနဲ့ စိန်လက်စွပ် ဟုတ်လား။ ဘာလုပ်မှာ လဲ အဆင့်ရဲ့"

"အို... အစ်ကိုကြီးကလည်း အမေးအမြန်းထူလိုက်တာ။ ညီမ လေးအတွက် နွယ်အတွက်ပါ။ သူ့ခမျာ စိတ်ငယ်နေမှာစိုးလို့"

အိမ်ထောင်သက် တစ်လျှောက်လုံး လင်ယောကျ်ားရယ်လို့ မည် သည့်အခါမှ ဂရုမစိုက်ဘဲ စိတ်တိုင်းကျ၊ သဘောကျ လုပ်ချင်ရာ လုပ်

mgyoe.com

mgyoe.com


လာခဲ့သည့်အလျောက် ဒေါ်ခင်ဆင့်က ပြောင်ပြောင်ဘွင်းဘွင်းပင် ဖြေလိုက်၏။ ဦးစောမောင်၏ မျက်နှာကိုကား မကြည့်ပေ။ သော့ကိုသာ မဲပြီး ရှာနေသည်။ ဦးစောမောင်၏ မျက်နှာမှာ ရိပ်ခနဲ ညိုရောင်သန်းသွားသည်။ တစ်ဖက်ခန်းမှ မခင်စောကား ဖေဖေ သတ္တိရှိရှိမှ ပြောပါမည်လားဟု ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေရာမှ ငါ့အကြံဦးလို့ တော်သေးရဲ့ဟု တွေးလိုက်မိ၏။

"အော်... အဆင့်ရေ၊ ရန်ကုန်က တယ်လီဖုန်းလာတယ်ကွ။ အဲဒါပြောမလို့ အစ်ကိုကြီး စောစောပြန်လာတာ"

ဦးစောမောင်က အသံမှန်ဖြင့် ပြောလိုက်၏။

"ဘာတဲ့လဲ"

မှန်ခုံအံဆွဲကို ဖွင့်ကာ နှိုက်ချတ် ရှာဖွေနေရာမှ လှည့်မကြည့်ဘဲ ဒေါ်ခင်ဆင့်က မေးလိုက်၏။

"အဆင့် အစ်မဆီကလေ။ သူ မနေ့ညက မူးလဲသွားတာ ဆရာဝန် ခေါ်ရတယ်ဆိုပဲ။ နေမကောင်းတဲ့အခိုက် ညီမကို တွေ့ချင်လို့တဲ့။ အဲဒါ အဆင့် သွားလိုက်ပါဦး"

တစ်ဖက်ခန်းက နားစွင့်နေသော မခင်စောသည် ကိစ္စချောချောမောမော ဖြစ်ပါစေဟု ဆုတောင်းနေသည်။

"အို... တယ်လီဖုန်းတောင် ကိုယ်တိုင်ပြောနေမှ အခြေအနေကောင်းလို့ပေါ့။ အဆင့်သွားစရာ လိုသေးလား"

ဒေါ်ခင်ဆင့်က ဂရုမစိုက် ပြောလိုက်သည်။ ဒေါ်ခင်ဆင့်၏ အာရုံဝယ် လင်၊ သမီး၊ ဆွေမျိုး ဟူ၍ မရှိတော့။ တင်တင်နွယ် တစ်ယောက်သာလျှင် ရှိနေသည်။

"သွားလိုက်ပါ အဆင့်ရာ။ အကြောင်းနဲ့ကိစ္စနဲ့ ခေါ်တာပဲ"

ဦးစောမောင်က ချော့မော့သော လေသံဖြင့် ပြောလိုက်သည်။ ဒေါ်ခင်ဆင့်က စကားပြန်မပေး။ တစ်ခုသော အံဆွဲကို နှိုက်နေရာမှ—

mgyoe.com

mgyoe.com


"ဟော… အခုမှ တွေ့တယ်"

ဟု ဝမ်းသာအားရပြောကာ သော့ကိုယူပြီး ဗီရိုရှိရာသို့ ခြေလှမ်းပြင်လိုက်၏။ ဤမျှလောက် ဂရုမစိုက် လုပ်နေသည်ကို ခါတိုင်းအချိန်ကဆိုလျှင် ဦးစောမောင် လျစ်လျူရှုနိုင်၊ ခွင့်လွှတ်နိုင်သော်လည်း ယခုမူ သမီး သတိပေးချက်အတိုင်း တစ်သဝေမတိမ်း မှန်ကန်စွာ တွေ့နေရသဖြင့် ဝန်တိုစိတ် ပေါ်လာသည်။ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ဒေါ်ခင်ဆင့် လက်ထဲမှ သော့ကို လျင်မြန်စွာ ဆွဲယူလိုက်၏။ ဘယ်အခါမှ မျှော်လင့်မထားသော အပြုအမူမျိုး ဖြစ်သဖြင့် ဒေါ်ခင်ဆင့် အံ့အားသင့်သွားသည်။ ဦးစောမောင်က သော့ကို ရှပ်အင်္ကျီအတွင်း အိတ်ထဲသို့ ထည့်လိုက်သည်။

"ဘာလုပ်တာလဲ အစ်ကိုကြီး။ ပေး သော့"

ဒေါ်ခင်ဆင့်က ဆိုးနေကျ၊ နွဲ့နေကျ လေသံဖြင့် ပြန်တောင်းလိုက်၏။

"နေပါဦး အဆင့်။ ဒီနတ်ကတော်ကို ဘာဖြစ်လို့ ဒါလောက်အလောတကြီး အဖိုးတန်ပစ္စည်းကို ပေးချင်နေရတာလဲ။ အစ်ကိုကြီးပြောတဲ့ ကိစ္စကို ဖြေပေးစမ်း။ ရန်ကုန် သွားမလား၊ မသွားဘူးလား"

မတင်းစဖူး တင်းလိုက်သော ဦးစောမောင်၏ လေသံကို ဒေါ်ခင်ဆင့် အံ့သြမကုန်နိုင် ဖြစ်သွားလေသည်။

"မဖြေရင် အစ်ကိုကြီး သော့မပေးဘူးပေါ့"

"မပေးဘူး"

ဦးစောမောင်၏ အဖြေက တိုတောင်းလှ၏။ ဒေါ်ခင်ဆင့်၏ အမူအရာက လျင်မြန်စွာ ပြောင်းလဲသွားသည်။ ကြည်လင်သော အသံဖြင့် ခပ်ဟက်ဟက်ကလေး ရယ်ကာ–

"အော်… အစ်ကိုကြီးက ဒေါပွသွားတာကိုး။ အဆင့်က သော့ရှာ

mgyoe.com

mgyoe.com



မတွေ့လို့ စိတ်တိုနေမိတာပါ အစ်ကိုကြီးရယ်။ ဘယ်တော့ သွားစေချင်လဲဟင်"

ဒေါ်ခင်ဆင့်က ဦးစောမောင်၏ လက်မောင်း တစ်ဖက်ကို မှီတွယ်ရင်း ချော့လိုက်သည်။

"နက်ဖြန်မနက် ခပ်စောစောသွားပေါ့။ အိမ်က ကားနဲ့ပဲ သွား"

ဦးစောမောင်က ခပ်တည်တည် ပြောလိုက်၏။

"နွယ့်ကို အဖော်ခေါ်သွားမယ်လေ"

"မခေါ်နဲ့။ တစ်ယောက်တည်း သွား။ ကိုပါကြီး လိုက်ပို့လိမ့်မယ်"

"အဲဒီလိုဆိုလည်း သန်ဘက်ခါလောက်မှ သွားမယ်နော် အစ်ကိုကြီး"

"သန်ဘက်ခါ ဆက်ဆက်သွားရမယ်နော် အဆင့်။ ဟိုက နေမကောင်းလို့ မှာတာ။ တော်ကြာ အစ်ကိုကြီးက မလွှတ်ဘူး ထင်ပြီး စိတ်ဆိုးနေဦးမယ်"

ဦးစောမောင်က တစ်ပတ်လျှော့လိုက်၏။

"ကဲ၊ သော့ပေး အကိုကြီး"

ဒေါ်ခင်ဆင့် လိုရင်းကို တောင်းလိုက်၏။

"သန်ဘက်ခါ ရန်ကုန်ဆင်းခါနီးမှ သော့ကို ပြန်ပေးမယ်"

ဦးစောမောင်က ထိုမျှသာပြောပြီး အခန်းထဲမှ ထွက်သွားလေသည်။ ဒေါ်ခင်ဆင့်သည် မခံချိမခံသာ ကျန်ခဲ့ရာမှ သော့ကို ရအောင် တောင်းမည် ဟူသော စိတ်ကူးဖြင့် ဦးစောမောင်နောက်သို့ ထွက်လိုက်လာ၏။ သို့သော် ဦးစောမောင်ကား ကားပေါ်တက်ကာ ထွက်ခွာသွားလေပြီ။ ဒေါ်ခင်ဆင့်၏ ဒေါသကား ပေါက်ကွဲမတတ် ဖြစ်သွားလေသည်။

* * *

mgyoe.com

mgyoe.com


မခင်စောသည် ခြံအတွင်းရှိ ကုံကော်ပင်ရင်းမှာ ခင်းထားသော ကွပ်ပျစ်ပေါ်ဝယ် စိတ်လက်ပေါ့ပါးရွှင်လန်းစွာ ထိုင်နေ၏။ ဗီရိုကို မဖွင့်ရသဖြင့် ပစ္စည်းအနေအထားကို မသိသေးသဖြင့် လောလောဆယ် တစ်မီး အေးသည်။ သန်ဘက်ခါ မိခင် ဒေါ်ခင်ဆင့်သွားလျှင် ဤနတ်ကတော်နှင့် ဤနတ်ကွန်းသည် အိမ်ပေါ်မှာ ရှင်းသွားပေမည်ဟု တွေးကာ နှစ်သိမ့်မိ၏။ ဒေါ်ခင်ဆင့်က သန်ဘက်ခါမှသွားမည် ဆိုသဖြင့် ယနေ့ညနှင့် နက်ဖြန်တစ်ညအတွက် မခင်စောသည် လုံးဝ မအိပ်တော့ဘဲ မိခင်အိပ်ခန်းနှင့် တင်တင်နွယ် အိပ်ခန်းအကြားမှာရှိသော ထမင်းစားခန်းတွင် အကြောင်းတစ်ခုခုရှာကာ ညလုံးပေါက် ထိုင်နေရပေတော့မည်ဟု တွေးရင်း စောစောစီးစီး ထမင်းစားပြီး တစ်ရေးတစ်မော အိပ်ထားဦးမှ ဟူသော စိတ်ကူးဖြင့် ထိုင်ရာမှ ထမည်ဟန် ပြင်လိုက်လျှင်ပင် မည်သည့်အချိန်က ရောက်နေမှန်း မသိရသော တင်တင်နွယ်က အသံပြာကလေးဖြင့်–

"ညီမလေးရယ်၊ စကားပြောရအောင် ထိုင်စမ်းပါဦး"

ပြောပြောဆိုဆို မခင်စော၏ ပခုံးကို လက်ဖြင့် ခပ်ညှစ်ညှစ် ဖိကိုင်ကာ ထိုင်ခိုင်းလိုက်၏။ မခင်စောသည် တင်တင်နွယ်၏ လက်ကို ပုတ်ချကာ ထိုင်ရာမှ လျင်မြန်စွာထပြီး တင်တင်နွယ်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"မင်း အင်မတန် ဟန်ဆောင်မှုကောင်းတဲ့ လူလိမ်လူညာပဲ။ တစ်နေ့က ကြောက်လန့်တကြား အော်လိုက်တဲ့ မင်းကလေး အသံအခု ဘယ်မှာ ဖွက်ထားသလဲ"

မခင်စောက အသံတင်းတင်းဖြင့် မေးလိုက်သည်။

"ငါ့ပခုံးကို ရာရာဆဆ ထိကိုင်တဲ့အတွက်လည်း ငါက တုံ့ပြန်ရဦးမှာပေါ့"

mgyoe.com

mgyoe.com


မခင်စောက ပြောပြောဆိုဆို လက်ဝါးစောင်း ခုတ်ရန် ရွယ်လိုက်သည်တွင် တင်တင်နွယ်သည် နောက်သို့ လျှင်မြန်စွာဆုတ်ကာ အိမ်ဘက်သို့ လှည့်ထွက်သွားသည်။ ညှော်ခန်းအဝတွင် မကြည်လင်သော မျက်နှာဖြင့် လမ်းမဘက်သို့ မျှော်နေသော ဒေါ်ခင်ဆင့်ကို တွေ့ရ၏။

"မမဆင့်"

အသံကြောင်ပြာပြာ မဟုတ်တော့ဘဲ နဂိုသံဖြင့် တင်တင်နွယ်က ခပ်အုပ်အုပ် ခေါ်လိုက်၏။

"မောင်"

ဒေါ်ခင်ဆင့်က လှည့်ကြည့်ပြီး ထူးလိုက်သည်။

"မောင်နဲ့ မမဆင့်တို့ အချစ်ခရီးမှာ မမဆင့် သမီးက အနှောင့်အယှက်ပေးလိမ့်မယ် ထင်တယ်။ မောင့်နဂိုသံကို သူ သိသွားပြီ။ မမဆင့် ယောကျ်ားကြီးကို တိုင်ရင် မောင်နဲ့ မမဆင့် ကွဲရလိမ့်မယ်။ မောင်တော့ မမဆင့်နဲ့ ကွဲရရင် ဖြေလို့ရမှာ မဟုတ်တော့ပါဘူး"

တင်တင်နွယ်က ဝမ်းနည်းပက်လက် ပြောလိုက်၏။

"ဟုတ်လား... သမီးက ဘယ်လိုသိပြီး ဘယ်လိုပြောလိုက်လဲ"

ဒေါ်ခင်ဆင့်က ပြာပြာသလဲ မေးလိုက်၏။

"ဟောဟို ကံ့ကော်ပင်အောက်မှာ မောင် ထိုင်နေတဲ့အခိုက် သူရောက်လာတယ်လေ။ မျက်နှာက ပြုံးစိစိနဲ့။ မောင်ရယ်တဲ့ ရုပ်ချောသလောက် အသံကလည်း သာယာပါတယ်တဲ့။ အစောကို မှန်တဲ့အတိုင်း ဝန်ခံစမ်းပါ။ မောင် ယောကျ်ားအစစ် မဟုတ်လားတဲ့။ သူဘယ်လို သိတယ်တော့ မပြောတတ်ဘူး။ မောင်ကလည်း မမဆင့်ကိုသာ ချစ်နိုင်တာမို့ သူ့အနားက မြန်မြန်ခွာခဲ့ရတယ်။ မစားရတဲ့အမဲ သဲနဲ့ပက်မှဖြင့်"

တစ်အိမ်လုံးမှာ အချုပ်အခြာ အာဏာပိုင်ဖြစ်နေသော ဒေါ်ခင်ဆင့်အား တင်တင်နွယ်က လုပ်ကြံဇာတ်ခင်းလိုက်၏။ ဒေါ်ခင်ဆင့်၏

mgyoe.com

mgyoe.com


ဒေါသလမ်းကြောင်းသည် ဦးစောမောင်ဆီသို့ ဦးတည်နေရာမှ သမီး မခင်စောဘက်သို့ လှည့်သွားလေသည်။ ငါ့ချစ်သူကို လုတော့မယ် ထင်ပါရဲ့ ဟူသော အတွေးက ငယ်ထိပ်ကို သွေးရောက်သွားစေသည်။ တင်တင်နွယ်က စကားဆက်လိုက်ပြန်၏။

"ကြာကြာနေလို့ အခြေမလှဘူး ထင်တယ် မမဆင့်။ မောင့်ကို တကယ်ချစ်ရင် မောင်မျက်နှာ မငယ်အောင် ယူသင့်ယူထိုက်တဲ့ ပစ္စည်း ယူပြီး မောင့်နောက်ကို လိုက်ခဲ့ပါလား၊ မမဆင့်ရယ်"

တင်တင်နွယ်က အစွမ်းကုန် ညှုလိုက်သည်။ မိမိချစ်သူကို လုယူရန် ကြံသူ ရှိနေပါကလား ဟူသော ဝန်တိုစိတ်က ထပ်လောင်း လာသောအခါ ဒေါ်ခင်ဆင့်သည် တင်တင်နွယ်အား မက်မောမှု ပိုလာ သည်။ သမီးကိုလည်း ဒေါသဖြစ်လာသည်။

"မမဆင့် စဉ်းစားဦးမယ်လေ။ မောင် ဟန်မပျက်သာ နေလိုက် စမ်းပါ"

ဒေါ်ခင်ဆင့်က ထိုမျှသာပြောပြီး မခင်စောရှိနေသော ကွဲကော် ပင်ဆီသို့ သွက်သွက်ကြီး ထွက်သွားလေသည်။

"နွယ့်ကို ညည်း ဘယ်လိုပြောလိုက်တာလဲ"

သမီးရင်းပင် ဖြစ်လင့်ကစား ကာမတဏှာစိတ် မွှန်နေပြီဖြစ် သော ဒေါ်ခင်ဆင့်က လင်လုဘက်လို သဘောထားကာ ခက်ထန်စွာ မေးလိုက်၏။ မခင်စောသည် ဒေါသရှိန်ကြောင့် ရဲရဲတောက်နေသော မိခင်မျက်နှာကို ကြည့်လိုက်ပြီး လေသံအေးအေးဖြင့် ပြောလိုက်၏။

"ဘယ်လိုပြောရမှာလဲ မေမေ၊ မှန်တဲ့အတိုင်း ပြောလိုက်တာ ပေါ့"

မခင်စော၏ အဖြေကို ကြားရသောအခါ တင်တင်နွယ် တိုင် သည့်အတိုင်း မှန်ပြီဟု ဒေါ်ခင်ဆင့်က ယူဆလိုက်၏။ ဒေါသအရှိန်က ပိုတက်လာသည်။

mgyoe.com

mgyoe.com



"ညည်းက သူ့အပေါ်မှာ ဘယ်လို သဘောထားပြီး ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲအေ့"

ဒေါ်ခင်ဆင့်၏ လေသံမှာ မိခင်ရင်း တစ်ယောက်၏ လေသံပင် မဟုတ်တော့ချေ။ အမိုက်မှောင်က ဖုံးလွှမ်းနေပြီ ဖြစ်၏။ မခင်စောကမူ မိခင် မှုန်နေပြီ ဖြစ်ကြောင်း သိလိုက်သည်။

"သမီးကို ဒါလောက် ဒေါသတကြီး ဖြစ်မနေပါနဲ့ မေမေရယ်။ ဘာတွေ ဖြစ်နေတယ်ဆိုတာအားလုံး သမီး သိပါတယ်။ ဖေဖေ့ကို ဖွင့်တိုင်ဖို့ မသင့်တဲ့အတွက်..."

မခင်စော၏ စကားမဆုံးမိ–

"ဘာတိုင်မှာလဲဟင်။ ညည်း လူငယ်ပီပီနေ၊ နှယ်နဲ့ ပတ်သက်ပြီး ဘာမှမရှုပ်နဲ့"

ဟု ခက်ထန်စွာ ပြောလိုက်၏။

"နေလို့မဖြစ်တော့လို့ပေါ့ မေမေ။ မေမေနဲ့ နှယ်နဲ့ ဘယ်လိုဖြစ်နေတယ်ဆိုတာ သမီးအားလုံး သိပါတယ်"

မခင်စော၏ စကားကြောင့် ဒေါ်ခင်ဆင့် မျက်လုံးများ ပြာသွားသည်။ ဒေါ်ခင်ဆင့် ဘာကိုမျှ မစဉ်းစား အသိအမြင် မရှိတော့ချေ။

"အော်... ဒါကြောင့် မအေ့လက်ထဲက လုဖို့ ကြံတာပေါ့။ ကြံဦးဟယ်"

ဒေါ်ခင်ဆင့်က ပြောပြောဆိုဆို မခင်စော၏ ပါးကို ဘယ်ပြန် ညာပြန် နှစ်ချက်မျှ ဆက်ရိုက်ပြီး လျင်မြန်စွာ ထွက်သွားလေသည်။ သူနဲ့ သူ့အသည်းကျော် နှယ်တို့ ဤအိမ်မှ လွတ်ရာလွတ်ကြောင်း အမြန်ဆုံး စီစဉ်မှ တော်မည်ဟုလည်း စဉ်းစားလိုက်မိ၏။

မခင်စောသည် ပူစပ်နာကျင်နေသော ပါးနှစ်ဖက်ကို လက်ဖြင့် အုပ်ကာ ကွပ်ပျစ်ပေါ်တွင် ထိုင်ချလိုက်၏။

mgyoe.com

mgyoe.com


ဒိန်းဒလိန်းနတ်ပူးလျှင် လူသတ်မှုအထိ ဖြစ်နိုင်သော ဤကိစ္စကြီးကို ဖခင်အား အသိပေး၍ မဖြစ်။ မခင်စောသည် ရှက်စိတ်၊ ဝမ်းနည်းစိတ်၊ ဒေါသစိတ်၊ မခံချင်သောစိတ်ဖြင့် အံကြိတ်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျရာမှ သန်ဘက်ခါ မေမေ ရန်ကုန်သွားဖြစ်ပါစေတော့ ဟူ၍သာ ဆုတောင်းမိရှာလေတော့သည်။

* * *

မိခင်အား တစ်ညလုံး အလစ်မပေးဘဲ စောင့်မည် ဟူသော ရည်ရွယ်ချက်ဖြင့် မခင်စောသည် ထမင်းစားခန်း စားပွဲတွင် စာကျက်နေလေသည်။ မိခင် ဒေါ်ခင်ဆင့်ကား ထမင်းစားချိန်ကလေးမှာသာ ခဏထွက်လာသည်။ အခန်းအောင်းနေ၏။ ဘာလုပ်နေသည်ကိုကား မခင်စောမသိပေ။ သမီးကိုလည်း လုံးဝ စကားမပြော။ ဖခင် ဦးစောမောင် ပြန်လာသည်ကိုလည်း ခရီးဦးကြို ပြောဆိုနှုတ်ဆက်ခြင်း မရှိချေ။ ကိုယ့်အသိ၊ ကိုယ့်အမြင်၊ ကိုယ့်အတွေးကိုယ်စီ ရှိနေကြ၍လည်း မိသားစုသုံးယောက်မှာ တစ်ယောက်ကို တစ်ယောက် စကားမပြောကြချေ။ တင်တင်နွယ်လည်း သူ့အခန်းထဲက မထွက်။ တစ်အိမ်လုံး မကြည်မသာ ဖြစ်နေသည်ကို အကဲခတ်မိသော ဦးပါကြီးကလည်း မီးဖိုချောင်မှာ ဆိတ်ငြိမ်စွာ ကုပ်ကုပ်ကလေး လုပ်စရာရှိသည်ကို လုပ်နေသည်။

အချိန်မှာ ညဆယ်နာရီကျော် ဖြစ်၏။ ထုံးစံအတိုင်း ဦးစောမောင်၏ ဟောက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တစ်အိမ်လုံး မီးမှိတ် အိပ်ကုန်ကြပြီ ဖြစ်သော်လည်း မခင်စော တစ်ယောက်သာ ထမင်း စားခန်းတွင် မီးဖွင့်ပြီး စာကြည့်နေသည်။ စိတ်ကဆောင်နေသော်လည်း မခင်စော၏ ဦးခေါင်းမှာ မထူနိုင်တော့ချေ။ ပါးရိုက်ခံရသည့်ဒဏ်၊ ငိုထားရသည့်အရှိန်ကြောင့် ပြင်းထန်စွာ ခေါင်း

mgyoe.com

mgyoe.com



ကိုက်နေရှာသည်။ စိတ်အားကို တင်းပါသော်လည်း ဝေဒနာကို တားဆီး၍ မရချေ။ ဆယ့်တစ်နာရီခွဲလျှင်ကား မခင်စောသည် စားပွဲပေါ်လက်မောင်းတင်ကာ ဦးခေါင်းကို မှေးပြီး မှီထားရာမှ အမှတ်မထင် အိပ်ပျော်သွားလေတော့၏။

"မခင်စော... မခင်စော..."

ဟု စားပွဲကို ပုတ်ပြီး နှိုးလိုက်သော ကိုပါကြီးကြောင့် မခင်စော မျက်စိဖွင့်ကြည့်လိုက်၏။ မိုးစင်စင် လင်းနေလေပြီ။

"သူဌေးကတော်ရော၊ တင်တင်နွယ်ရော မရှိတော့ဘူး။ မခင်စော"

ကိုပါကြီးက ခပ်တိုးတိုး ပြောလိုက်၏။ မခင်စောသည် ကိုပါကြီး၏ မျက်နှာကို မကြည့်။ သူ့ရှေ့ တူရူရှိ စားပွဲပေါ်မှ ဖြန့်လျက်သား ရှိနေသော စာအုပ်ကို အဓိပ္ပာယ်မရှိ စိုက်ကြည့်နေသည်။ မဆွကပင် ဤအဖြစ်မျိုး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်ဟု ကြိုတင်စဉ်းစားထားမိသဖြင့်လည်း သိပ်အံ့သြခြင်းတော့ မရှိလှ။ သို့သော် ဤမျှ လျင်မြန်စွာ ပြုမူလိမ့်မည် ဟူ၍ကား လုံးဝ မထင်မိပေ။ ငါ အိပ်ပျော်သွားမိလေခြင်း ဟူ၍သာ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိသည်။ လူမသိအောင် အုပ်ဆိုင်းမည်ဟု စီစဉ်ပါမှ လူကြားမကောင်းသည့် အဖြစ်မျိုး ဖြစ်သွားသဖြင့် ယူကျုံးမရ ဖြစ်မိသည်။ မခင်စော ငိုင်နေစဉ်မှာ ကိုပါကြီးက မပွင့်တပွင့် ပြောလိုက်၏။

"မင်းကလေး ခဏခဏ ဝင်နေတာနဲ့ ဟိုမိန်းမလျှာက ယောက်ျားစိတ် ပြန်ဝင်သွား ထင်ပါရဲ့"

မခင်စောက ကိုပါကြီးအား ဆတ်ခနဲ မော်ကြည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

"ဖေဖေရော ဦးလေး"

mgyoe.com

mgyoe.com


"အိမ်ရှေ့ခန်းမှာလား အိပ်ခန်းထဲမှာလား မသိပါဘူးကွယ်။ တော်တော် စိတ်ထိခိုက်နေရှာတယ်။ မျက်နှာကို မည်းနေတာပဲ"

မခင်စောသည် ကိုပါကြီးအား တစ်စုံတစ်ရာ ပြန်ပြောခြင်း မပြုတော့ဘဲ ဖခင်အား လိုက်ရှာသည်။ နတ်ကွန်းဆောင်အတွင်းဝယ် မင်းညီနောင်နတ်ရုပ် ရှေ့တည့်တည့်၌ လက်သီးဆုပ် အံကြိတ်ကာ ရပ်နေသော ဦးစောမောင်အား တွေ့ရ၏။

"ဖေဖေ"

မခင်စောက ညင်သာစွာခေါ်ကာ ဖခင်၏ လက်မောင်းကို ဖက်လိုက်၏။ ဦးစောမောင်က သမီးအား လှည့်ကြည့်လိုက်သည်။

"အင်မတန် အကြံဉာဏ်ပေးကောင်းတဲ့ သမီး။ အစီအစဉ်ကောင်းတဲ့ သမီး။ ဒီကိစ္စမှာ နင် ဝင်မစီမံရင် အဆင့် ဒီလိုထွက်သွားမှာ မဟုတ်ဘူး။ အခုတော့ သူ့ကို အဝေးပို့တော့မယ်ဆိုတာ ရိပ်မိလို့ အခုလို ထွက်သွားတာ"

ဦးစောမောင်က သမီး ဖက်ထားသော လက်မောင်းကို ဆောင့်ရုန်းပြီး ချစ်လှသော မယားဓာကြောင့် သမီးကို အပြစ်ဖို့လိုက်သည်။ မခင်စော ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။ အကျိုးလိုလို့ ညောင်ရေဖျန်းခါမှ ပတ်ထမ်းနှင့် တွေ့ရပါပြီကော။ ငါ့စေတနာကို အဖေနဲ့အမေ မသိလေခြင်းဟု မခင်စော တွေးကာ ဝမ်းနည်းလှသဖြင့် မျက်နှာကို လက်နှင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုလိုက်လေသည်။

"အခုမှ ငိုမနေနဲ့။ အဆင့် အခုလိုဖြစ်ရတဲ့ အကြောင်းရင်းဟာ နင်ပဲ။ သူတို့ဘာသာသူတို့ အလိုက်အထိုက် နေနေတာကို နင် ခဏခဏ အဆင့်ကို အပြစ်တင်နေလို့ လူ့သဘာဝအတိုင်း အရွဲ့တိုက်ချင်စိတ်နဲ့ ဖြစ်သွားရှာတာ။ အခုတော့ ကောင်းကြတာပေါ့။ အတွင်းပစ္စည်းရှိသမျှလည်း ဗီရိုဖွင့်ပြီး သေတ္တာလိုက် မသွားပြီ။ ပစ္စည်းဆိုလို့ ဒီအိမ်တစ်လုံးနဲ့ စက်ပဲ ကျန်တော့တယ်"

mgyoe.com

mgyoe.com


ငိုနေသော သမီးကို ဦးစောမောင်က ဒေါသဖြင့် အပြစ်သာ တင်နေတော့၏။ သို့သော် မခင်စောသည် ဖခင်ကို စိတ်မဆိုးချေ။ ဒေါ်ခင်ဆင့် အား ဦးစောမောင် မည်မျှချစ်သည်ကို သိ၏။ ထို့ကြောင့် မယားအတွက် သက်ခင်ပြတ်မျှ ပူဆွေးနေရှာသော ဖခင်၏ အပြစ်တင် သံကို မခင်စော ဗွေမယူ။ ပစ္စည်းတွေ ကုန်ပြီဟု ပြောနေသော ဦးစော မောင်အား သနားလှသဖြင့် အားပေးရန် စကားစလိုက်သည်။

"ပစ္စည်းတွေ ကုန်ပြီရယ်လို့ အားမငယ်ပါနဲ့ ဖေဖေ။ ဒါတွေ သမီး ကြိုတင်စဉ်းစားမိလို့..."

မခင်စော သူ ပြောလိုသော စကားကို ဆုံးအောင် ပြောခွင့်မရ ချေ။

"တော် သမီး...တော်... ဒီနေ့ကစပြီး ဖေဖေ့ကို ဆရာ မလုပ်နဲ့ တော့"

ဦးစောမောင်က ဟန့်တားလိုက်ပြီး–

"ကိုပါကြီး လာခဲ့စမ်း"

ဟု တစ်ဆက်တည်း အော်ခေါ်လိုက်သည်။ လျင်မြန်စွာ ဦးပါ ကြီး ရောက်လာပြီး ဦးစောမောင် ရှေ့တွင် ရိုရိုသေသေ ရပ်လိုက်သည်။

"ဒီအခန်းကို ရှင်းထားလိုက်။ ကျုပ် ပြန်လာချိန်မှာ ဒါတွေ ဘာမှ မတွေ့ချင်ဘူး"

ဦးစောမောင်က နတ်ကွန်းနှင့် ဆိုင်းဝိုင်းကြီးကို မေးငေါ့ပြပြီး မခင် စောအား ပြန်စောင်း၍မှ မကြည့်တော့ဘဲ ခြေသံပြင်းပြင်း နင်းကာ အခန်းတွင်းမှ ထွက်ခွာသွားသည်။ ဦးစောမောင်သည် မော်တော်ကား ကို စက်နှိုးကာ အရှိန်ပြင်းပြင်း မောင်းထွက်သွားလေ၏။

မခင်စောသည် မလှုပ်မယှက် တွေတွေကြီး ရပ်နေ၏။ ဦးစော မောင် ဒေါ်ခင်ဆင့်တို့၏ ရင်နှစ်သည်းချာ သမီးအရင်းဆိုသည်မှာ

mgyoe.com

mgyoe.com


ဟုတ်မှ ဟုတ်ပါလေစဟု မခင်စောသည် သူ့ကိုယ်သူ သံသယ ဖြစ်လိုက်မိသည်။

"အင်း... မှောင်တကာ့မှောင် ဒီမှောင်အဆိုးဆုံးလို့ ဆိုရိုးစကားရှိတယ် မဟုတ်လား မခင်စော။ သည်းခံပါကွယ် သူဌေးမင်း အင်မတန်စိတ်ထိခိုက်နေချိန်ဖြစ်လို့ ပြောမိပြောရာတွေ ပြောသွားတာပါ။ ငါလည်း ရိပ်မိနေတာ ကြာပေါ့။ မပြောဝံ့လို့သာ"

သားအဖ နှစ်ယောက် ပြောစကားကို အခန်းပြင်မှ အစအဆုံးကြားပြီးသော ကိုပါကြီးက မခင်စောအား ကြင်နာစွာ ဖြေသိမ့်လိုက်၏။

"နတ်က မလိုက်တာပေါ့ ကိုပါကြီးရယ်။ ရှိမှန်း မရှိမှန်း ဘယ်သူမှလည်း အသေအချာ မသိ။ ဘယ်သူ့မှလည်း ကောင်းကျိုးချမ်းသာ မပေးဖူးတဲ့ ဒီ ၃၇ မင်း ဆိုတဲ့ နတ်တွေကို စာထဲ ဖတ်ရတာနဲ့ သဲသဲမဲမဲ ယုံကြည်ကြတဲ့ လူတွေ ဒီ ၃၇ မင်းနတ်နဲ့ ကိုင်ပေါက်ပြီး လူလိမ်နတ်ကတော်တွေ ညာစားသမျှခံရပြီး ပျက်စီးတတ်ကြတာတွေကို ကျွန်မသိလို့ အစကတည်းက သတိပေးခဲ့တာ ဖေဖေရော မေမေရော နားမထောင်ခဲ့ဘူး။ အခုတော့ မဆီမဆိုင် လက်ပံသားဓားနဲ့ ချိုင်သလိုကျွန်မကြောင့် ဖြစ်ရတာတဲ့ ကိုပါကြီးရဲ့။ တောက်..."

မခင်စောက နာကြည်းစွာ ပြောကာ တောက်ခေါက်လိုက်၏။

"စိတ်ကိုဖြေပါ မခင်စောရယ်။ တစ်နေ့ကျတော့ သူတို့ အမှားသူတို့ မြင်လာလိမ့်မပေါ့"

ကိုပါကြီးက နတ်ကွန်းပေါ်က ပစ္စည်းတွေကို သိမ်းဆည်းစုပုံနေရာမှ စကားနည်းရန်စဲ ပြောလိုက်၏။ ကိုပါကြီးသည် ကန်တော့ပွဲတွေကို တစ်နေရာတည်း စုပုံနေရာမှ–

"ဒီအုန်းသီး၊ ငှက်ပျောသီးတွေကို မုန့်သည်တွေ ဖောက်သည်ပြန်ပေးအုံးမှ"

mgyoe.com

mgyoe.com


ဟူ၍လည်း ပြောလိုက်၏။ မင်းညီနောင် နတ်ရုပ်ကို စင်ပေါ်မှ ဆွဲချရင်း–

"ဘယ်လိုလဲ မင်းကလေးတို့။ ကိုယ့်ကြင်ရာတော် သူများ အုပ်သွားပါပြီကော"

ဟူ၍လည်း မသက်မသာ ရေရွတ်လိုက်သေး၏။ မခင်စောကား စကားတစ်ခွန်းမှ မပြောဘဲ ကိုပါကြီး လုပ်သမျှကို ကြည့်နေသည်။

"မခင်စော ဒီနေ့ ကျောင်းတက်ဦးမလား"

ငြိမ်နေသော မခင်စောအား ကိုပါကြီးက မေးလိုက်၏။ ရှက်ရွံ့ခြင်းဖြင့် အိမ်ထဲမှ အိမ်ပြင်ထွက်ဝံ့ရှာမည်မထင် ဟူသော အတွေးဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ ကိုပါကြီး မေးလိုက်သော အဓိပ္ပာယ်ကိုလည်း မခင်စောက သိသည်။

"တက်မယ် ကိုပါကြီး။ ကျွန်မငိုနေ၊ ရှက်နေ၊ အိမ်တွင်းအောင်းနေလို့ရော အကြောင်းထူးမလား။ ဒီမိဘ ပြုမူပုံနဲ့ ကျွန်မဘဝကို ကျွန်မကိုယ်တိုင် ထိန်းသိမ်းမှ ဖြစ်မယ်။ ကျွန်မ ပညာရေးကို အပျက်စီးခံလို့ မဖြစ်ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့ ကိုပါကြီး။ ကျွန်မ စိတ်ခိုင်ပါတယ်"

မခင်စောက တည်ငြိမ်သော အသံဖြင့် ပြောပြီး အခန်းတွင်းမှ လှည့်ထွက်သွားလေသည်။ ကိုပါကြီးသည် မခင်စောအား နောက်မှ မျက်စိတဆုံး ကြည့်လိုက်ပြီး နတ်ကွန်းမှ ပစ္စည်းများကို လွတ်ရာကျွတ်ရာ သွားပစ်ရန် စုဆောင်း ချည်နှောင်နေလေသည်။

* * *

ချစ်လှသော ဇနီးကြောင့် မယားတရူးကြီး ဖြစ်နေသော ဦးစောမောင်သည် အိမ်တွင်းရေးကိုလည်း လှည့်မကြည့်။ သမီးကိုလည်း

mgyoe.com